ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

စတုတ္ထနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၄ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၀၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၄။**

**ဦးမြမင်းဆွေ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ၂၅-၅-၂၀၂၀ ရက်နေ့တွင် အစည်းအဝေး သို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မှာ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၂၁)ဦးနှင့် ယနေ့ ခွင့်ပန် ကြားသူ(၁)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၂၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ကော်မတီများတွင် အဖွဲ့ဝင်နေရာများ အစား ထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ၊ တောင်သူလယ်သမားရေးရာကော်မတီနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီတို့တွင် အဖွဲ့ဝင်နေရာများ အစားထိုး ပြင်ဆင် ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်ဇော်မြင့်စန်း အစား ဗိုလ်မှူးကြီး သန်းနိုင်ဝင်း အား အစားထိုးပြင်ဆင် ဖွဲ့စည်းခြင်းကိုလည်းကောင်း၊

အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးကြီး လှဝင်းအောင် အစား ဗိုလ်မှူးကြီးအောင်ကျော်စိုး အား အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လည်းကောင်း၊

အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးကြီးသန်းထိုက် အစား ဗိုလ်မှူးကြီးညွှန့်ဝင်းအောင် အား အစားထိုး ပြင်ဆင် ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်သို့ တင်ပြပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၊ တောင်သူ လယ်သမားရေးရာကော်မတီနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီတို့တွင် အဖွဲ့ဝင်နေရာများ အစားထိုး ပြင်ဆင် ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၊ တောင်သူလယ်သမားရေးရာ ကော်မတီနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီတို့တွင် အဖွဲ့ဝင်နေရာများ အစားထိုး ပြင်ဆင် ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန် ဖြစ်သော်လည်း သတ်မှတ်ထားသည့်အချိန်အတွင်း မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော် ကို ကြိုတင် အသိပေးပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ

ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**သံတွဲ(ငပလီ – မဇင်) လေဆိပ်ကို နိုင်ငံတကာခရီးစဉ် ပျံသန်းစေသည့် လေယာဉ်များ ဝင်ရောက်/ထွက်ခွာနိုင်သော အကောက်ခွန်လေဆိပ် (Custom Aerodrome)အဖြစ် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၀။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မေးခွန်းအား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်မှာ ရှိတဲ့ သံတွဲ(ငပလီ–မဇင်)လေဆိပ်ကို နိုင်ငံတကာခရီးစဉ် ပျံသန်းစေတဲ့လေယာဉ်များ ဝင်ရောက်/ထွက်ခွာနိုင်တဲ့ အကောက်ခွန်လေဆိပ် (Custom Aerodrome) အဖြစ် ၂၀၂၀ – ၂၀၂၁ ခုနှစ်မှာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါကတော့ သံတွဲလေဆိပ် ဖြစ်ပါတယ်။ ဒီလေဆိပ်ကို ဘာကြောင့် အဆင့်မြှင့်ဖို့ လိုအပ်သလဲဆိုလို့ရှိရင် ရခိုင်ပြည်နယ်မှာရှိတဲ့ သံတွဲလေဆိပ်ဟာဆိုလို့ရှိရင် ၁၉၅၀ ခုနှစ်ကစပြီးတော့ အတက်/အဆင်း ဆောင်ရွက်ခဲ့ကြောင်း ကျွန်မတို့ လေ့လာသိရှိခဲ့ရပါတယ်။

နောက် ကျွန်မတို့ ငပလီကမ်းခြေဟာ ဆိုလို့ရှိရင်လည်း ကမ္ဘာမှာ အကောင်းဆုံးကမ်းခြေစာရင်းမှာဝင်ပြီးတော့ ပင်လယ်ကမ်းခြေတစ်ခုအဖြစ် ဆက်လက်တည်ရှိလျက်ရှိပါတယ်။ ဒါပေမဲ့ ကျွန်မတို့ မြန်မာနိုင်ငံမှာရှိကြတဲ့ ဒေသတွင်း တခြားကမ်းခြေများနဲ့ နှိုင်းယှဉ်မယ်ဆိုလို့ရှိရင် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်သွားလာမှု အင်မတန်နည်းတာ တွေ့ရပါတယ်။ အဲဒီလိုဖြစ်ရတဲ့ အကြောင်းအရင်းဟာဆိုလို့ရှိရင် ဒီလေဆိပ်ကို နိုင်ငံတကာခရီးစဉ် ပျံသန်းမှုအခြေအနေမှာ တိုက်ရိုက် ဝင်/ထွက်သွားလာမှုမရတာလည်း အကြောင်းအရင်းတစ်ခုဖြစ်ပါတယ်။ တကယ်လို့သာ သံတွဲ လေဆိပ်ကို နိုင်ငံတကာခရီးစဉ်များ တိုက်ရိုက်ပျံသန်းခွင့် ရှိမယ်ဆိုရင် ကမ္ဘာလှည့်ခရီးသည်လည်ပတ်မှု အများကြီးရှိပြီး ဒေသမှာနေကြတဲ့ ပြည်သူလူထုစီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်း များစွာရရှိကောင်းမွန်ပြီး နိုင်ငံရဲ့အခွန်ကိုလည်း တိုးပြီးရရှိမှာဖြစ်ပါတယ်။

ကျွန်မတို့ ငပလီကမ်းခြေဟာဆိုလို့ရှိရင် ဟိုတယ်ဇုန် များစွာရှိတယ်။ ပြီးလို့ရှိရင် ငပလီနဲ့ ဆက်စပ်တဲ့ တခြားသော သာယာလှပတဲ့ ဂျိတ်တော၊ မော်ရုံ၊ မော်ရှည် နောက် မော်ရွှေလေးနဲ့

ကွမ်းဝိုင်း ဒါကနေပြီးတော့ သံတွဲမြို့နယ်မှာရှိပါတယ်။ နောက် ဂွမြို့နယ်မှာရှိတဲ့ ကမ်းသာယာတို့၊ တိုင်ကျိုးတို့၊ လောင်းကျိုးတို့၊ ဇီးခုံ ဒီကမ်းခြေဟာ အင်မတန်လှပတဲ့ကမ်းခြေများ ဖြစ်တဲ့အတွက် ကြောင့် ပြည်သူလူထုများဟာ ဒီကမ်းခြေမှာ အလုပ်လုပ်နိုင်မယ့် အခွင့်အလမ်းရှိမယ်၊ နိုင်ငံ တကာခရီးသည်များ ဒီထက်မက လည်ပတ်နိုင်ခွင့် ရှိမယ်ဆိုလို့ရှိရင် ရှည်လျားတဲ့ ရခိုင်ကမ်းမြောင် ဒေသဟာ ရေထွက်ပစ္စည်းများနဲ့ ကမ္ဘာကို ဝင်/ထွက်သွားလာနိုင်တဲ့လူများလည်း ဒါကို လေ့လာ နိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့ ရခိုင်ပြည်နယ်ဟာ သာယာလှပတဲ့ကမ်းခြေရှိသလိုပဲ ရေထွက်ပစ္စည်း များကိုလည်း တင်ပို့ရောင်းချပါတယ်။ ရခိုင်ပြည်နယ်ကထွက်တဲ့ ရေထွက်ပစ္စည်းများစွာရှိပါတယ်။ အဲဒီလိုမျိုး ဆောင်ရွက်တဲ့အခါမှာ ကျွန်မတို့သည် နိုင်ငံတော်ကို တိုက်ရိုက်ကုန်သွယ်မှုမလုပ်နိုင်ဘဲ ရန်ကုန်မှတစ်ဆင့်သာ နိုင်ငံတကာဈေးကွက်ကို သွားရတဲ့အတွက်ကြောင့်မို့လို့ ကျောက်ငါးအုပ်စု ထဲမှာပါတဲ့ ကင်းပုစွန်၊ ကျောက်ပုစွန်တို့ ပန်းဂဏန်းတို့ဆိုတာ တိုက်ရိုက်သွားတဲ့အခါ အရည်အသွေး မြင့်တက်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ တစ်ဆင့်သွားရတဲ့အခါဆိုလို့ရှိရင် ရေခဲရိုက်ပြီးတော့ သွားရတဲ့ အခါမှာ အရည်အသွေးကျဆင်းတာလည်းရှိပါတယ်။

ဒါကြောင့်မို့လို့ ရန်ကုန်ကတစ်ဆင့် နိုင်ငံတကာကိုသာ တိုက်ရိုက်ပို့နေခြင်းက ကုန်ကျ စရိတ်လည်းများတယ်။ အချိန်ကြန့်ကြာမှုလည်း များတယ်။ တကယ်လို့သာ သံတွဲလေဆိပ်ကသာ တိုက်ရိုက်ပို့နိုင်မယ်ဆိုလို့ရှိရင် အကျိုးဖြစ်ထွန်းမှု များစွာရှိမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဒါကတော့ ကျွန်မတို့ သံတွဲလေဆိပ် အခြေအနေတွေဖြစ်ပါတယ်။ ဟိုတယ်ဇုန်တွေ ဖြစ်ပါတယ်။ ဟိုတယ်ဇုန်မှနေပြီးတော့ ခရီးသွားလုပ်ငန်းအခြေအနေတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သံတွဲလေဆိပ်ကို နိုင်ငံတကာခရီးစဉ် ပျံသန်းနေသည့် လေယာဉ်များဝင်ရောက် ထွက်ခွာနိုင်တဲ့ (Custom Aerodrome) လေဆိပ်အဖြစ် သတ်မှတ်ပေးမယ်ဆိုပါက ရခိုင်ပြည်နယ်က ထွက်ရှိတဲ့ ရေထွက်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်သို့ တိုက်ရိုက်ပို့ဆောင်နိုင်မှာဖြစ်ပြီးတော့ ရခိုင်ပြည်နယ်က ပြည်သူလူထုသာမက မြန်မာနိုင်ငံအတွက် ဝင်ငွေများစွာရရှိလာတဲ့ အကျိုးကျေးဇူး တွေ ရရှိမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဖော်ပြပါမေးခွန်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။


သံတွဲ ( ငပလီ – မဇင် ) လေဆိပ်၏ မြင်ကွင်းပုံ (၄)



သံတွဲလေဆိပ်၏ မြင်ကွင်းပုံ (၄–၁)



ငပလီကမ်းခြေ၏ မြင်ကွင်းပုံ (၄–၂)



**ကျိုင်းတုံ မြို့ရှောင်လမ်း ဖောက်လုပ်ရန်အတွက် လိုအပ်သောမြေနေရာအား သက်ဆိုင်ရာများမှ အသုံးမလိုသည့် သိမ်းဆည်းမြေများအား ပြန်လည်စွန့်လွှတ် အပ်နှံခြင်းဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် ပတ်သက်၍ သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၄။**

**ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်ဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားလုပ်ငန်းမှ အသုံးမလိုတော့တဲ့ သိမ်းဆည်းမြေများအား မြို့ရှောင်လမ်း ဖောက်လုပ်ရန်အတွက် ပြန်လည်စွန့်လွှတ်ပေးရေးကိစ္စနဲ့ စပ်လျဉ်းပြီး ဆောင်ရွက်ထားမှုအခြေအနေများကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့၊ မြို့ရှောင်လမ်းဖောက်လုပ်ပေးရေးကိစ္စနှင့် စပ်လျဉ်းပြီး တတိယပုံမှန်အစည်းအဝေး ၁၈-၁၁-၂၀၁၆ ရက်နေ့ကတည်းက ကျွန်တော် ကြယ်ပွင့်ပြမေးခွန်း တစ်ကြိမ် မေးခဲ့ပါသေးတယ်။ အဲဒီတုန်းက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် မြို့ရှောင်လမ်း ဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း မြေယာလျော်ကြေးကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားပေးမည်ဖြစ်ကြောင်း၊ ရန်ပုံငွေရရှိပါက လုပ်ငန်းများ စတင်ဆောင်ရွက်ပေးမည်ဖြစ်တဲ့အကြောင်း ပြောကြားခဲ့ပါတယ်။ ဒါပေမဲ့ မြို့ရှောင်လမ်းကို ယနေ့အထိ မစတင်နိုင်သလို မြေယာလျော်ကြေးကိုလည်း ယနေ့အထိ မပေးနိုင်သေးပါဘူးခင်ဗျား။


လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားလုပ်ငန်းမှ ကျိုင်းတုံ - မိုးနဲ ရထားလမ်းစီမံကိန်းကို ရပ်ဆိုင်းလိုက်ပြီဖြစ်ပါတယ်။ ယခင်ဖောက်လုပ်ထားတဲ့ ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်းကိုလည်း အသုံးပြုရန်မလိုအပ် တော့သဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံ စွန့်လွှတ်သွားမယ်လို့ သိရှိရပါတယ်ခင်ဗျား။ ဘူတာယာဒ်ဝန်းမြေဧရိယာ (၄၄.၄၂)ဧကနဲ့ ရထားလမ်းပိုင်းမြေ (၉၉.၅၇၉)ဧက ဖြစ်ပါတယ်ခင်ဗျား။

ဘူတာယာဒ်ဝန်းမြေ(၄၄.၄၂)ဧကကို ဌာနဆိုင်ရာ ရုံးမြေနေရာများ ချထားပေးမယ်လို့ သိရှိရပါတယ်။ မြေယာသိမ်းဆည်းခံထားရတဲ့ မူလပိုင်ရှင် တောင်သူများကိုလည်း တချို့တစ်ဝက် ပြန်လည်ချထားပေးသင့်ပါတယ်။ တောင်သူများရဲ့ လယ်များ၊ ယာများ၊ ဥယျာဉ်ခြံမြေများ၊ တချို့ နေအိမ်အဆောက်အအုံ၊ ဂရန်ကျပြီးမြေများကိုပါ အသိမ်းခံရပါတယ်။ အများကြီး ဆုံးရှုံးနစ်နာကြပါတယ်ခင်ဗျား။

ရထားလမ်းပိုင်းမြေဖြစ်တဲ့ (၉၉.၅၇၉)ဧက၊ အရှည် (၈.၀၄၅)ကီလိုမီတာကိုတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ မြန်မာ့မီးရထားဌာနထံမှ လွှဲပြောင်းပြီး မြို့ရှောင်လမ်းဖောက်လုပ်သွားမှာဖြစ်ပါတယ်ခင်ဗျား။ မြန်မာ့မီးရထားဌာနမှ သိမ်းဆည်းမြေများကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်ရန် ကျိုင်းတုံမြို့နယ်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ကျိုင်းတုံမီးရထားဌာန တာဝန်ခံသို့ ၂၀၁၈ ခုနှစ်တွင် (၁)ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် (၃)ကြိမ် ညှိနှိုင်းအကြောင်းကြားထားခဲ့ကြောင်း သိရှိရပါတယ်။ မြန်မာ့မီးရထားဌာနမှ ပြန်လည်အပ်နှံရန် ကြန့်ကြာနေသဖြင့် ဌာနရဲ့ အခက်အခဲများနှင့် ဆောင်ရွက်ထားမှုအခြေအနေများကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ မြို့ရှောင်လမ်း ဖောက်လုပ်ရန်အတွက် လမ်းအူကြောင်းဖြစ်တဲ့ ရထားလမ်းပိုင်း သိမ်းဆည်းမြေ (၉၉.၅၇၉)ဧကထဲမှာ ပါဝင်သွားတဲ့ တောင်သူများရဲ့ လယ်မြေ၊ ယာမြေ၊ ဂရန်မြေ၊ အဆောက်အအုံ စတဲ့ စာရင်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ လျော်ကြေးပေးနိုင်ရန်အတွက် တစ်ဦးချင်း အသေးစိတ်စာရင်းကို တွက်ချက်တင်ပြထားပြီးဖြစ်ပါတယ်။ ယခု နှစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ဖြည့်စွက်ရန်ပုံငွေတွင် ကျပ်သန်းပေါင်း(၆၄၈.၂၀၄)သန်း တင်ပြတောင်းခံထားပါတယ်ခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားဌာနမှ အသုံးပြုရန်မလိုအပ်တဲ့ သိမ်းဆည်းခံမြေများကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံရန် ဆောင်ရွက်ထားမှုအခြေအနေများကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ကျိုင်းတုံမြို့ရှောင်လမ်း လျာထားလမ်းကြောင်းပြ မြေပုံ (၃)




ကျိုင်းတုံမြို့ရှောင်လမ်းတွင် ပါဝင်သည့် လျော်ကြေးငွေပေးအပ်မည့်မြေ(ဧက)စာရင်း ပြပုံ (၃-၁)

ကျိုင်းတုံမြို့ ရှောင်လမ်းတွင်ပါဝင်သည့်လျော်ကြေးငွေပေးအပ်မည့်မြေ(ဧက)စာရင်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | အရေအတွက် | နှုန်း | သင့်ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | လူနေအိမ် | လုံး | ၁၀ | - | ၁၁၄၂၃၀၀၀၀ /- | |
| ၂။ | လယ်မြေ | ဧက | ၃၀.၇၉၇ | ၁၁၀၀၀၀၀၀ /- | ၃၃၈၇၆၇၀၀၀ /- | သီးနှံလျော်ကြေး |
| ၃။ | ယာမြေ | ဧက | ၁၁.၇၂၄ | ၈၈၅၀၀၀၀ /- | ၁၀၃၇၅၇၄၀၀ /- | (၃)နှစ်စာ ထည့်တွက် |
| ၄။ | ရွာမြေ | ဧက | ၀.၃၂၀ | ၁၀၀၀၀၀၀၀ /- | ၃၂၀၀၀၀၀ /- | ထားပါသည်။ |
| ၅။ | ရာဘာပင် | ပင် | ၆၁၅ | ၃၅၀၀၀ /- | ၂၁၅၂၅၀၀၀ /- | |
| ၆။ | ဂရန်မြေ | ဧက | ၁.၆၄၅ | ၃၅၀၀၀၀၀၀ /- | ၅၇၅၇၅၀၀၀ /- | |
| ၇။ | အဆောက်အဦမြေ | ဧက | ၀.၉၁၅ | ၁၀၀၀၀၀၀၀ /- | ၉၁၅၀၀၀၀ /- | |
| | | စုစုပေါင်း | | | ၆၄၈၂၀၄၄၀၀ /- | |

**အချိန်၊ ၁၀:၁၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၈။**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ရဲ့ သံတွဲ (ငပလီ-မဇင်) လေဆိပ်ကို နိုင်ငံတကာခရီးစဉ်များ ပျံသန်းစေတဲ့ လေယာဉ်များဝင်ရောက်/ထွက်ခွာနိုင်တဲ့ အကောက်ခွန်လေဆိပ်(Custom Aerodrome) အဖြစ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဦးသန့်စင်မောင် အနေနဲ့ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်း ရခိုင်ပြည်နယ်၊ သံတွဲမြို့မှာရှိတဲ့ သံတွဲလေဆိပ်ကို ၁၉၅၀ ပြည့်နှစ်က စပြီးဖောက်လုပ်တယ်။ အဲဒီတုန်းကတော့ လေယာဉ်ပြေးလမ်းဟာ အလျားပေ (၃၉၀၀)နဲ့ ဒါကိုတာလေယာဉ်တွေ ဆင်းသက်ခဲ့တယ်။ ၁၉၇၀ ပြည့်နှစ်ကျတော့ အလျားပေ (၄၇၀၀)ဖြစ်သွားပြီး ပေ(၁၀၀)အနံရအောင်၊ အကျယ်ရအောင် ပြေးလမ်းကိုလုပ်ခဲ့တယ်။ Fokker F-27 တွေ ဆင်းခဲ့တယ်။ ၂၀၁၁ ခုနှစ်ကတော့ ပေ(၈၅၀၀) ဖြစ်လာပြီး အကျယ်ပေ(၁၀၀)နဲ့ ATR-72 တွေ ဆင်းခဲ့တယ်။ နောက် ပေ(၈၅၀၀)ဖြစ်လာတော့လည်း ကျွန်တော်တို့နိုင်ငံမှာ သုံးနေတဲ့ Boeing 737-800 တို့၊ Airbus A-320 တို့ ဒါတွေ ဆင်းနိုင်ဖို့ကျတော့ (၄)လက်မထု နိုင်လွန်ကတ္တရာ ခင်းရမှာဖြစ်တယ်။ အဲဒီမှာ ၂၀၁၆ ခုနှစ်တုန်းကတော့ (၂)လက်မထု နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းကိုသာ ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာ လက်ရှိအခြေအနေကို တင်ပြအပ်ပါတယ်။ တစ်ခါ သံတွဲလေဆိပ် လေယာဉ်ပြေးလမ်းရဲ့ တောင်ဘက်ထိပ်က ပင်လယ်ကမ်းစပ်နဲ့ နီးကပ်စွာ တည်ရှိနေတဲ့အတွက်ကြောင့် လေယာဉ်ပြေးလမ်းကို ပင်လယ်ရေလှိုင်း ရိုက်ခတ်မှုဒဏ်ကနေ ကာကွယ်နိုင်ရန်အတွက် ရေလှိုင်းကာကျောက်စီနံရံ (၄၀၀ x ၄၀)ပေ လုပ်ရပါတယ်။ အဲဒါကြီးက ပျက်စီးနေတဲ့အတွက်ကြောင့် ကျွန်တော်တို့ (၆၁၀ x ၄၀)ပေရှိတဲ့ ကျောက်စီရေလှိုင်းကာအသစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ပြီးစီးသွားတာဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတကာက ချာတာလေယာဉ်တွေ တိုက်ရိုက်ဆင်းသက်နိုင်တဲ့ Customs Aerodrome ဖြစ်ဖို့ရာအတွက် လိုအပ်တဲ့အချက်တွေက (၉)ချက်လောက်ရှိပါတယ်။

ပထမဆုံးကတော့ လေဆိပ်အဆောက်အအုံပါ။ လေဆိပ်အဆောက်အအုံဟာ ၂၀၁၇ ခုနှစ်၊ မတ်လကျမှ ကျွန်တော်တို့ လက်ရှိဖြစ်နေသော အလျားပေ(၂၀၀) အနံ(၁၄၀)ရှိတဲ့ (၁)ထပ်ခွဲလေဆိပ်ကလေး ရှိပါတယ်။ အဲဒီမှာ Departure တစ်နေရာနဲ့ Arrival (၁)ခန်း (၂)ခန်းပဲ ရှိပါတယ်။ တကယ်တမ်း International Flight တွေကို လက်ခံမယ်ဆိုရင် ခုနတုန်းက နိုင်ငံတကာခရီးသည်

အတွက် Departure Arrival၊ ပြည်တွင်းခရီးသည်အတွက် Departure Arrival အဲဒါတွေကို ခွဲခြားပြီးတော့ တပ်ဆင်ဖို့လိုအပ်တယ်။ အဲဒီတော့ အဲဒီမှာ ကျွန်တော်တို့ ခွဲခြားပြီးတော့ လက်ခံနိုင်ဖို့ရာအတွက် လေဆိပ်ကို တိုးချဲ့ရမှာ ဖြစ်ပါတယ်။ တစ်ခါ လေဆိပ်မှာလည်း ဒီနေ့အခြေအနေမှာ တစ်နှစ်ကို ခရီးသည် (၁၇၅၀၀၀)ဦးလောက် အများဆုံး ဆင်းပါတယ်။ လေယာဉ်အကြိမ်ပေါင်း အတက်/အဆင်း (၄၅၀၀)နဲ့ (၄၆၀၀)ကြား ရှိပါတယ်။ အများဆုံးဟာ တစ်နေ့ကို (၈)စင်းကနေ (၁၀)စင်းအထိပဲ ရှိပါတယ်။

အဲဒီတော့ အဲဒီအခါမှာ ဒီဟာတွေကို ကျွန်တော်တို့ လက်ခံတဲ့အခါမှာ ခုနကပြောတဲ့ လေဆိပ်အဆောက်အအုံဟာ တစ်ကြိမ်မှာ လေယာဉ်(၃)စင်း၊ (၄)စင်းလောက် တပြိုင်နက် လက်ခံနိုင်လောက်တဲ့ လေဆိပ်ဖြစ်အောင်လုပ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ပထမဆုံး လိုအပ်ချက်ဖြစ်တဲ့ လေဆိပ်ကို တိုးချဲ့ဖို့လိုအပ်ပါတယ်။ ဒုတိယ အရေးကြီးဆုံးအချက်က ပြေးလမ်းဖြစ်ပါတယ်။ ပြေးလမ်းက ကျွန်တော်တို့ အလျားအနေနဲ့က ပေ(၈၅၀၀)ရှည်တယ်။ အကျယ်အနေနဲ့ကျတော့ လောလောဆယ် ပေ(၁၀၀)ပဲရှိတယ်။ အဲဒါကြောင့်မို့လို့ ဟိုဘက် ပေ(၅၀)လောက် ထပ်ချဲ့ဖို့လိုတယ်။ ဒါကြောင့် ၂၀၁၉-၂၀၂၀ ဘတ်ဂျက်မှာ ဟိုဘက် (၂၅)ပေ၊ ဒီဘက်(၂၅)ပေ၊ (၈၅၀၀)ပေ အလျားကို ချဲ့ဖို့လိုအပ်ပါတယ်။ အဲဒီလို ပြေးလမ်းကိုချဲ့တဲ့အခါမှာ သူ့ရဲ့ PCN ဆိုတာ Pavement Classification Number ဟာ ကိုက်ဖို့လိုပါတယ်။ လေယာဉ်ဆင်းလာတဲ့အခါမှာ သူ့ရဲ့ဘီးနဲ့ ရိုက်လိုက်တဲ့ဖိအားကို ခံနိုင်ရည်ရှိတဲ့ပြေးလမ်း လိုပါတယ်။ အဲဒီအခါကျ ချဲ့လိုက်တယ်ဆိုရင် ဟိုဘက်(၂၅)ပေ ဒီဘက် (၂၅)ပေ ချဲ့တဲ့အခါမှာ အောက်ကို မြေကြီးကို (၅)ပေ အနည်းဆုံး တူးရပါတယ်။ (၃)ပေကို မြေကြီးတွေကို အလွှာလိုက်အလွှာလိုက် (၄)ကြိမ်လောက် ကြိတ်ပြီးမှ ခုနတုန်းက (၂၄)နဲ့ (၁၂)တွေကိုလည်း (၄)လွှာကျကျောက်ကို (၂)ပေထု ထပ်ကြိတ်ရပါတယ်။ အဲဒါမှ ပြေးလမ်းက ခံနိုင်ရည်ရှိမှာ လေယာဉ်အကြီးဆင်းသက်လာရင် ခံနိုင်ရည်ရှိမှာဖြစ်ပါတယ်။ အဲဒါကို ဒီနှစ် လုပ်ဖို့ရာအတွက် ကျွန်တော်တို့ ဘတ်ဂျက် (၄)ဘီလီယံ ရပါတယ်။ အဲဒီမှာ တင်ဒါအောင်တော့ (၃၉၅၀)သန်းနဲ့ အောင်တယ်။

ဒါပေမဲ့ တကယ်တမ်း စတင်ပြီး ဆောင်ရွက်တဲ့အခါမှာ ပစ္စည်းစုဆောင်းတယ်။ ကျောက်ကလည်း ဒီသံတွဲမှာ ကျောက်ရဖို့ ခုနတုန်းက ပစ္စည်းစုဆောင်းတာတွေ ကျွန်တော်တို့ ဒီနှစ်ထဲမှာ အဲဒီမှာ Covid ကလည်း ဖြစ်လာတယ်။ အဲဒီမှာ Covid ရန်ပုံငွေအတွက် မပြီးနိုင်တဲ့ဟာတွေ၊ ပြန်ပြီးတော့ ပြီးဖို့ရာမသေချာတဲ့ဟာတွေကို ပြန်အပ်တဲ့အခါမှာ (၁၀)ရာခိုင်နှုန်း ကျပ်သန်း (၁၇၀၀) လေဆိပ် စီမံချက်ထဲက ပါသွားတယ်။ အဲဒါ ကျွန်တော်တို့ ကျပ်သန်း(၂၂၀၀) ကျန်တော့ ဒီနှစ် ရသမျှကျောက်ကို စုဆောင်းမယ်။ ရသမျှအရှည်ကို ကြိတ်မယ်။ အဲဒါဆို ဟိုဘက်ဒီဘက် ပေ(၂၅၀၀) စီလောက် (၂၅)ပေရှိတဲ့ ပြေးလမ်းကို လုပ်နိုင်မှာဖြစ်တယ်။ ကျောက်တွေကိုလည်း စုဆောင်းနိုင်မှာဖြစ်တယ်။ အဲဒီပြေးလမ်းကို ပြီးအောင်လို့ ရှေ့နှစ်ဘတ်ဂျက်မှာ ၂၀၂၀-၂၀၂၁ ဘတ်ဂျက်မှာလည်း ကျွန်တော်တို့ တင်ပြထားတာဖြစ်တယ်။ ပြေးလမ်း အပြီးသတ်ဖို့က ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေး

နှစ်ပြီးအောင် တော်တော်လုပ်ယူရမှာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အပေါ်မှာ (၄)လက်မ နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းရမှာဖြစ်တယ်။ ဒါမှသာလျှင် ပိုပြီးတော့ချောမွေ့တဲ့ လေယာဉ်ဆင်းသက်မှုတွေ စိတ်ချရတဲ့ ဆင်းသက်မှု ဖြစ်လာမှာဖြစ်ပါတယ်။ တစ်ခါ Apron ပေါ့ လေယာဉ်ရပ်နားရာနေရာကလည်း လက်ရှိ အခြေအနေမှာ ပေ(၄၅၀x၃၂၀)ပဲ ရှိပါတယ်။ လေယာဉ် (၃)စင်းလောက်ရပ်နိုင်တယ်။

အဲဒီတော့ နောက်ထပ် (၁)စင်းလောက် ထပ်ရပ်နိုင်အောင် မြောက်ဘက်ကို လေယာဉ် Apron ကို ထပ်ပြီးတော့ချဲ့ဖို့ လိုအပ်ပါတယ်။ နောက်ထပ် လိုအပ်တဲ့အချက်က လေယာဉ်အသက်ကယ်နဲ့ မီးသတ်၊ မီးသတ်က လောလောဆယ် Category 3 ပဲ ရှိတယ်။ တကယ်တမ်း နိုင်ငံတကာလေယာဉ်ကို လက်ခံတဲ့အခါကျတော့ အဲဒီမီးသတ်တွေရဲ့ အရည်အသွေးကို မြှင့်တင်ဖို့ Category 5 အထိ ထားရမှာဖြစ်တယ်။ တစ်ခါ Ambulance လည်း (၁)စီး ထပ်ထားရမယ်။ ရေသယ်ယာဉ်လည်း ထပ်ထားရမယ်။ ဝန်ထမ်းအင်အားတွေလည်း ထပ်ပြီးတော့မြှင့်ရမှာဖြစ်တဲ့အကြောင်း တင်ပြအပ်ပါတယ်။

နောက်တစ်ချက်ကတော့ Aviation Electromechanics ၊ အဲဒါကတော့ လောလောဆယ် အခြေအနေမှာ Immigratin Customs Quarantine အတွက် မြှင့်တင်တဲ့နေရာမှာ လိုအပ်ချက်မရှိပါဘူး။ တစ်ခါ လုံခြုံရေးပေါ့ Aviation Security အတွက်က X-Ray Machine (Hold Baggage) အတွက် (၂)လုံး လိုမယ်။ Cabin Baggage အတွက် (၂)လုံးလိုမယ်။ Walk Through Metal Detector (၂)လုံး လိုမယ်။ Hand -Held Metal Detector (၃)လုံး လိုမယ်။ CCTV အလုံး(၂၀) လောက်တပ်မယ်။ Terminal CCTV Camera (၁)လုံး လိုမယ်။ ဒါတွေ ကျွန်တော်တို့ ထပ်ဖြည့်ရမှာဖြစ်ပါတယ်။ တစ်ခါ လေကြောင်းဆက်သွယ်ရေးက တော်တော်ကောင်းပါတယ်။ Communication Navigation Survelliance System တွေ အားလုံးပြည့်စုံတယ်။ သို့သော်လည်း ၂၀၂၀-၂၀၂၁ ဘတ်ဂျက်မှာ Instrument Landing System Instrument ကို သုံးပြီးတော့ Landing ဆင်းနိုင်တဲ့ အဲဒီဟာကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ တပ်လိုက်လို့ရှိရင်တော့ ဆက်သွယ်ရေးကဏ္ဍက မဆိုးဘူး။ တစ်ခါ လေယာဉ်ဆီဖြည့်တင်းရေးလုပ်ငန်း(Refueling Services) လိုအပ်ပါတယ်။ နိုင်ငံတကာလေယာဉ်က တိုက်ရိုက်ဆင်းတယ်။ ပြန်ထွက်ဖို့ရာအတွက် ဆီကို ကျွန်တော်တို့က ထည့်ပေးနိုင်ဖို့ ရောင်းချပေးနိုင်ဖို့ Facility အဲဒီဟာက လုံးဝမရှိသေးဘူး။

အဲဒီတော့ ဒါတွေကြောင့် ကျွန်တော်တို့ လုပ်ရဦးမှာဖြစ်ပါတယ်။ နောက်ပိုင်း အုပ်ချုပ်ရေးဆိုင်ရာကိစ္စတွေကလည်း လက်တွန်းလှည်း၊ ထိုင်ခုံ၊ သန့်ရှင်းရေး ခုနက Conveyor Belt ကစပြီးတော့ အားလုံးတပ်ဖို့ လိုတယ်။ Information Display Board တွေ၊ Signage တွေ၊ Money Changer Counter တွေ အဲဒါတွေ အားလုံးပြည့်စုံအောင် ဖြည့်စွက်ရဦးမှာ ဖြစ်ပါတယ်။ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ တကယ်တမ်း Cargo Flight တွေ ပျံနိုင်ရင်တော့ ပိုပြီးတော့ကောင်း

ပါတယ်။ အဲဒီမှာလည်းပဲ ကျွန်တော်တို့ Tourism ကုမ္ပဏီတွေရဲ့ Marketing တွေ အားလုံးပြင်ဆင်ထားဖို့ အကုန်လုံး တပြိုင်နက်လုပ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်းမှာ CIQ လေဆိပ် Custom Aerodrome အဖြစ်နဲ့ လက်ခံဖို့ရာအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်နဲ့တော့ မဖြစ်နိုင်ဘူး။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်နောက်ပိုင်းမှာသာလျှင် ဆောင်ရွက်နိုင်မယ်လို့ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

နောက် ဒုတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ရဲ့ ကျိုင်းတုံမြို့ရှောင်လမ်း ဖောက်လုပ်ရေးအတွက် လိုအပ်တဲ့ မြေနေရာကို သက်ဆိုင်ရာများမှာ အသုံးမလိုအပ်တဲ့ သိမ်းဆည်းမြေများကို ပြန်လည်စွန့်လွှတ်ခြင်းဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် ပတ်သက်ပြီးတော့ သိရှိလိုတဲ့အကြောင်း စပ်လျဉ်းတဲ့မေးခွန်းကို ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ၂၀၀၉-၂၀၁၀ ခုနှစ်က ယခင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားကနေပြီးတော့ မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ဆောင်ရွက်ရာမှာ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်မှာ ရထားလမ်းအူကြောင်းအတွက် (၉၉.၅၇၉)ဧက၊ ရထားဘူတာရုံ ဆောက်ဖို့ရာအတွက် (၄၂.၄၂)ဧက စုစုပေါင်း(၁၄၁.၉၉၉)ဧကကို သိမ်းဆည်းခဲ့ပါတယ်။ မိုးနဲ-ကျိုင်းတုံ ဖောက်လုပ်ရေးစီမံကိန်းဟာ ကြိုတင်လေ့လာဆန်းစစ်မှု Feasibility Study မဆောင်ရွက်ခဲ့ဘူး၊ မြေမျက်နှာသွင်ပြင် အနေအထားတွေ ကြမ်းတမ်းတယ်။ ဖြတ်သန်းဖောက်လုပ်ရမယ့် မြို့တွေရဲ့ တည်နေရာအရ မြေအနိမ့်အမြင့်ကွာဟမှုတွေက များပြားတယ်။

ဒါကြောင့် ဖောက်လုပ်ရမယ့် ကုန်ကျစရိတ်က များပြားပြီးတော့ စီးပွားရေးအရ တွက်ခြေကိုက်မှု မရှိနိုင်တဲ့အတွက်ကြောင့် စီမံကိန်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကစပြီးတော့ ဆက်လက်အကောင်အထည်မဖော်နိုင်ဘဲနဲ့ ရပ်နားခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဆောက်လုပ်ပြီးဖြစ်တဲ့ ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်းရှိ လမ်းအူကြောင်းတစ်လျှောက် သိမ်းဆည်းမြေ (၉၉.၅၇၉)ဧကကို ကျွန်တော်တို့ ပြန်လည်လွှဲပြောင်းပေးမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ခုနတုန်းက ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနကနေပြီးတော့ ဖောက်လုပ်မယ့် ကျိုင်းတုံမြို့ မြို့ရှောင်လမ်းအတွက် (၉၄.၁၇၃)ဧကကို လမ်းဦးစီးဌာနကနေပြီးတော့ လွှဲပြောင်းရယူမှာ ဖြစ်ပါတယ်။ တစ်ခါ ကျိုင်းတုံ ဘူတာယာဒ်ဝန်းမြေ (၄၂.၄၂)ဧကကိုလည်းပဲ လွှဲပြောင်းပေးရမှာ ဖြစ်ပါတယ်။ (၅.၄၀၆)ဧကကို မူလပိုင်ရှင်များထံသို့ ပြန်လည်စွန့်လွှတ်ပေးမှာ ဖြစ်ပါတယ်။ ဒါတွေကိုလည်းပဲ ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းနဲ့ညီအောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ပုံစံ(၁၀၅/၁၀၆) ရ ရမယ်။ ရပြီးတော့ နိုင်ငံတော်ကို ပြန်လည်ပြီးတော့ အပ်နှံရမယ်။ အဲဒါကလည်း ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကော်မတီကို

တင်ပြတဲ့အခါမှာ လိုအပ်တဲ့မြေစာရင်းပုံစံ (၁၀၅/၁၀၆) အမြန်ရရှိရေးကိုလည်းပဲ ကျွန်တော်တို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။

နောက်ဆုံးအခြေအနေကတော့ ကျိုင်းတုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနဲ့ မြန်မာ့မီးရထားတို့မှ တာဝန်ရှိသူတွေဟာ ၈-၂-၂၀၂၀ ရက်နေ့မှာ အားလုံး ညှိနှိုင်းဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကျိုင်းတုံဘူတာယာဒ်ဝန်းမြေ (၄၂.၄၂)ဧကကို ၁-၅-၂၀၂၀ ရက်နေ့တွင် ပြန်လည်ကွင်းဆင်း တိုင်းတာစစ်ဆေးပြီး ပုံစံ(၁၀၅/၁၀၆) ထုတ်ပေးနိုင်ရေးကို ဆောင်ရွက်လျက်ရှိတဲ့အကြောင်း ကျိုင်းတုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနထံမှ စုံစမ်းသိရှိရပါတယ်။ အဲဒီလိုဆိုရင် ကျွန်တော်တို့က ပြန်လည်ပြီးတော့ နိုင်ငံတော်သို့ အပ်နှံရမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း မြန်မာ့မီးရထားမှ မူလသိမ်းဆည်းခဲ့ပြီး ပြန်လည်စွန့်လွှတ်မည့်မြေအနက် ကျိုင်းတုံမြို့ရှောင်လမ်းဖောက်မယ့် (၉၄.၁၇၃)ဧကအတွက် လျော်ကြေး နစ်နာကြေးတွေ ပေးရန်အတွက် လိုအပ်တဲ့ရန်ပုံငွေ ကျပ်(၆၄၈.၂၀၄)သန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရဲ့ (ဖြည့်စွက်)ရန်ပုံငွေမှာ တင်ပြတောင်းခံထားပါတယ်။ ခွင့်ပြုငွေ ရရှိတယ်ဆိုရင်တော့ လုပ်ထုံးလုပ်နည်းနဲ့အညီ ပေးလျော်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ကိုယ်စား လွှတ်တော်ကို ဆက်လက်ပြီးတော့ တင်ပြအပ်ပါတယ်။

တစ်ခါ မြန်မာ့မီးရထားအနေနဲ့ ကျိုင်းတုံဘူတာယာဒ်ဝန်းနဲ့ ဝမ်ကောင်းဘူတာယာဒ်ဝန်းမှာ ခင်းထားတဲ့ သံလမ်းတွေ အားလုံးကို ဖြုတ်သိမ်းပြီး ဖြစ်ပါတယ်။ ခုနက ကျိုင်းတုံ-ဝမ်ကောင်းကြား (၅.၆၀)မိုင်ရှိတဲ့ သံလမ်းကိုတော့ ဖြုတ်လိုက်တာ (၄.၈၅)မိုင်ပြီးစီးပြီ ဖြစ်ပါတယ်။ ကျန်ရှိတဲ့ (၀.၇၅)မိုင်ကတော့ တောင်ပြိုတဲ့ မြေတွေ ဖုံးလွှမ်းနေတဲ့အတွက်ကြောင့် တောင်ပြိုမြေတွေကို ဖယ်ရှားပြီးမှ သံလမ်းတွေကို ပြန်လည်ပြီးတော့ ဖြုတ်သိမ်းသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် အချုပ်ဆိုရလို့ရှိရင် ကျိုင်းတုံ-ဝမ်ကောင်းလမ်းပိုင်းမှာ မီးရထားကနေပြီးတော့ သိမ်းယူခဲ့တဲ့ လမ်းအူကြောင်းသိမ်းဆည်းတဲ့မြေ (၉၉.၅၇၉)ဧကအနက်မှ ဆောက်လုပ်ရေးဝန်ကြီးဌာန (၉၄.၁၇၃)ဧကကို လွှဲပြောင်းပေးသွားမယ်။ ကျိုင်းတုံဘူတာယာဒ်ဝန်းမြေ (၄၂.၄၂)ဧကကို နိုင်ငံတော်ကိုပြန်လည်အပ်နှံမယ်။ (၅.၀၄၆)ဧကကို မူလတောင်သူများကို ပြန်လည်စွန့်လွှတ်ရေးကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၃၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရန်ကုန်မြို့၊ ပြည်လမ်း၊ (၉)မိုင်ရှိ မြန်မာဂေါက်သီးရိုက်အသင်းပိုင်မြေအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ မြန်မာဂေါက်သီးရိုက်အသင်းပိုင် မြေငှားဂရန် စာချုပ်ကိုသိမ်းယူကာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်း ပေးအပ်ထားခဲ့ခြင်းကို ပြန်လည်ပေးအပ်ရန် တောင်းဆိုခဲ့ခြင်းနှင့် ပတ်သက်၍ ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိနှင့် ပေးအပ်ရန်ရှိပါက မည်သည့်အချိန်တွင် ပြန်လည်ပေးအပ်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၃။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၃။**

**ဦးမောင်မောင်အုန်း၊ ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ဖြစ်ပါတယ်။ ယခု ဥက္ကဋ္ဌကြီး ဖတ်ကြားတင်ပြခဲ့တဲ့ ကျွန်တော့် မေးခွန်းနဲ့ပတ်သက်ပြီး အကျိုးအကြောင်းကို တင်ပြရှင်းလင်းလိုပါတယ်။ Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။ မြန်မာဂေါက်သီးရိုက်အသင်းဟာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်မှာ ရှိပြီး ယခင် အင်းစိန်မြို့နယ်အပိုင် မြေကွက်အမှတ် (၁၀/က၊ ၁၁/က)နှင့် မြေဧရိယာ (၁၇၇.၈၇)ဧက ဖြစ်ပါတယ်။

သမိုင်းအကျဉ်းကို တင်ပြရရင် မြန်မာနိုင်ငံကို ဗြိတိသျှတို့ အုပ်စိုးစဉ်ကာလ ၁၉၀၉ ခုနှစ်က တည်ဆောက်ခဲ့တဲ့ အင်းစိန်မြို့နယ်၊ တညင်းကုန်းမှာရှိတဲ့ ရန်ကုန်ဂေါက်ကလပ်ဆိုတာ မျက်နှာဖြူလူမျိုးများသာ သီးသန့် ကစားခွင့်ပြုခဲ့ပြီး မြန်မာလူမျိုးတို့ကို ကစားခွင့် မပြုခဲ့ကြပါဘူး။ ၁၉၂၅ ခုနှစ်မှာတော့ နာမည်ကြီးဆေးတိုက် E.Mde Souze ကုမ္ပဏီပိုင်ရှင်ရဲ့ သား(၂)ယောက် တို့က တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်မှာ ကစားခွင့် တောင်းခံရာ မရတဲ့အတွက် ၎င်းတို့ရဲ့ အမေဖြစ်တဲ့ မြန်မာအမျိုးသမီးမှ မျိုးချစ်စိတ်ဓာတ် ထက်သန်စွာဖြင့် မြေကိုဝယ်ပြီး ကိုယ်ပိုင်ဂေါက်ကွင်း တစ်ခု ဖောက်လုပ်ခဲ့ရာမှ မြန်မာပြည်ရဲ့ တတိယမြောက် ဂေါက်ကွင်း ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒါကတော့ ယခု

လေဆိပ်ကြီးရဲ့ လက်ဝဲဘက်ကပ်လျက် မြေနေရာမှာ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း ဗြိတိသျှအစိုးရလက်ထက်မှာ လေဆိပ်ကို ထပ်မံတိုးချဲ့ရန်အတွက် ယင်းဂေါက်ကွင်းမြေနေရာကို သိမ်းယူခဲ့ပါတယ်။ ဒါကြောင့် ဂေါက်ကွင်းအသင်းရဲ့ ကပ္ပတိန်ဆာမြဘူးနှင့် အမှုဆောင်အဖွဲ့တွေရဲ့ တောင်းဆိုချက်အရ ၁၉၄၇ ခုနှစ်မှာ ယခု လက်ရှိ မြန်မာဂေါက်သီးရိုက်အသင်း မြေနေရာကို အစားပြန်လည်ရရှိခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး မြန်မာဂေါက်သီးရိုက်အသင်း Burma Golf Club အဖြစ်စတုတ္ထမြောက်ဂေါက်ကွင်းကို ရန်ကုန်မြို့မှာ ပေါ်ပေါက်လာပါတယ်။ မူလပထမက (၉)ကျင်းသာဖြစ်သော်လည်း ၁၉၅၄-၁၉၅၅ ခုနှစ်မှသာ (၁၈)ကျင်းအပြည့် ဖောက်လုပ်ပြီးစီးပြီး လက်ရှိအခြေအနေအတိုင်း ဖြစ်ပါတယ်။ စာရင်းရှိ ဂေါက်သီးရိုက်အသင်းတွေဟာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလမှတ်တမ်းအရ (၅၈၀၀)ကျော် ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာဂေါက်သီးရိုက် အသင်းပိုင်မြေကို ၁၉၈၈ ခုနှစ်တုန်းက အလုပ်အမှုဆောင်အဖွဲ့က ပုဂ္ဂလိကပိုင်ကုမ္ပဏီတစ်ခုကို အသင်းအတွက် လေ့ကျင့်ရေးကွင်း(Driving Range) အိမ်ယာမြေတွေ ဆောက်လုပ်ရန် စီစဉ်ခဲ့တဲ့အတွက် အသင်းသားတွေအချင်းချင်း အငြင်းပွားပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီကို တိုင်တန်းမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီတိုင်ကြားစာအရ အိုလံပစ်ကော်မတီရဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ပြီး ယင်းလက်ရှိအလုပ်အမှုဆောင်အဖွဲ့အား ဖျက်သိမ်းပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကို ဥက္ကဋ္ဌအဖြစ် ခန့်အပ်ကာ ဌာနဆိုင်ရာကိုယ်စားလှယ် (၁၁)ဦးပါဝင်တဲ့ မြန်မာဂေါက်သီးရိုက်အသင်းကြီးကြပ်ရေးအဖွဲ့ကို လက်ရှိ မည်သည့်အသင်းသားများ၏ သဘောတူထောက်ခံချက် မပါဘဲယာယီဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ယင်းကြီးကြပ်ရေးကော်မတီကပဲ အသင်းပိုင်နယ်နိမိတ်ကိုမြေပုံနှင့်တကွ သတ်မှတ်ဖော်ပြခဲ့ပါတယ်။

ထို့နောက် မြန်မာဂေါက်သီးရိုက်အသင်း၏ အလုပ်အမှုဆောင်မဟုတ်တဲ့ ယာယီကြီးကြပ်ရေးအဖွဲ့က ဌာနဆိုင်ရာ လူကြီးများရဲ့ မလျော်သော အမိန့်၊ အာဏာ၊ လုပ်ပိုင်ခွင့်ကို အသုံးချပြီး ပုဂ္ဂလိကအဖွဲ့အစည်းပိုင် မြေငှားဂရန်စာချုပ်ကို အားကစားဝန်ကြီးဌာနသို့ အသင်းသားများရဲ့ သဘောတူညီမှုမပါဘဲ လွှဲပြောင်းပေးအပ်ခြင်း ခံခဲ့ရပါတယ်။ တကယ်တော့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ ၁-၈-၁၉၉၆ ရက်နေ့ မြေငှားဂရန်စာချုပ်အမှတ် (အစ-၁၃၆/၉၆)အရ ထိုနေ့မှစတင်ကာ မြန်မာဂေါက်သီးရိုက်အသင်းကို နှစ်(၆၀)ဂရန် ချထားပေးခြင်းဖြစ်ရာ ယနေ့ထိလည်း မြန်မာဂေါက်သီးရိုက် အသင်းကသာ ပိုင်ဆိုင်နေပါတယ်ခင်ဗျား။ ဒါကြောင့်လည်း ၁၄-၃-၂၀၁၉ နေ့စွဲနဲ့ အသင်းဥက္ကဋ္ဌ ဦးမျိုးသိန်း မှ လုပ်ပိုင်ခွင့်နှင့် မူရင်းပိုင်ရှင် အမည်ပေါက်နေဆဲ မြေငှားဂရန်စာချုပ်ကို ပြန်လည်တောင်းခံသလို လက်ရှိအသင်းဥက္ကဋ္ဌ ဦးမြင့်ဝေ နှင့်အတူ အလုပ်အမှုဆောင်အဖွဲ့တို့မှလည်း ၂၀၁၉ ခုနှစ်၊ ဇွန်လက လက်ရှိပြည်ထောင်စုဝန်ကြီးအား တွေ့ဆုံတောင်းဆိုခဲ့ပါတယ်။ သို့ပါ၍ အထက်ပါ မြေငှားဂရန်စာချုပ်ကို ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိကို

သိရှိလိုခြင်းနှင့် ပေးအပ်ရန်ရှိပါက မည်သည့်အချိန်မှာ ပြန်လည်ပေးအပ်မည်ကို သိရှိလိုပါကြောင်း ဂေါက်သီးရိုက် အားကစားသမားများနှင့် အများပြည်သူများ၏ အကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။


အင်းစိန်မြို့နယ်၊ တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၏ မြင်ကွင်းပုံ (ဃ)




ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ လေဆိပ်အနီး မြန်မာဂေါက်သီးရိုက်အသင်း၏ တည်နေရာပြပုံ (ဃ-၁)



ဂရန်မြေပုံအတွင်းပါ မြန်မာဂေါက်သီးရိုက်အသင်းမြေပုံနှင့် Google Map မှမြင်ရသည့် မြင်ကွင်းပုံ (ဃ-၂)




**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု ကျန်းမာရေးကို ပိုမို ထိရောက်စွာ စောင့်ရှောက်ပေးနိုင်ရန် ပြင်ပအထွေထွေရောဂါကုဆရာဝန် (General Practitioners)များ တက်ရောက်နေသော Diploma သင်တန်းများအား အဆင့်မြှင့်၍ Master ဘွဲ့သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၇။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသောမေးခွန်းမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုကျန်းမာရေးကို ပိုမို ထိရောက်စွာ စောင့်ရှောက်ပေးနိုင်ရန် အထွေထွေရောဂါကုဆရာဝန် (General Practitioners)များ တက်ရောက်နေသော Diploma သင်တန်းများအား အဆင့်မြှင့်၍ Master ဘွဲ့သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဆရာဝန်အသင်းကို ၁၉၄၉ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ မြန်မာနိုင်ငံဆရာဝန်အသင်းတွင် ဆေးပညာဘာသာရပ်ဆိုင်ရာ အဖွဲ့ပေါင်း

(၄၃)ဖွဲ့ ရှိပါတယ်။ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့သည် အငြိမ်းစားပါမောက္ခဆေးပညာရှင်များ၊ တပ်မတော်မှ ဆေးဘက်ဆိုင်ရာ အငြိမ်းစားဆရာဝန်များ ပါဝင်ပြီး အဖွဲ့ဝင်ပေါင်း (၂)သောင်းကျော်ဖြင့် အင်အားအများဆုံး ပါဝင်လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း အသင်းခွဲများကို စနစ်တကျ ဖွဲ့စည်းထားရှိပါတယ်။ ၁၉၉၈ ခုနှစ်မှစတင်၍ Diploma in General Practice ၂၀၀၄ ခုနှစ်မှစတင်၍ Diploma in Family Medicine (၁)နှစ် သင်တန်းများ ဖွင့်၍ Diploma ဘွဲ့ရ ဆရာဝန်ပေါင်း(၅၀၀)ကျော်ကို မွေးထုတ်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် ကိန်းဂဏန်းများအရ မြန်မာနိုင်ငံဆေးကောင်စီတွင် မှတ်ပုံတင်ထားသော (ဆ-မ)လက်မှတ်ရ ဆရာဝန်ဦးရေဟာ (၄၇၀၀၀)ကျော်ရှိပြီး အစိုးရဝန်ထမ်းအားဖြင့် တာဝန်ထမ်းဆောင်နေသော ဆရာဝန်အရေအတွက်ထက် ဝန်ထမ်းမဟုတ်သော ဆရာဝန်ဦးရေမှာ ပိုမိုများပြားကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဆရာဝန်များသည် ကိုယ်ပိုင်ဆေးခန်းများတွင်သာမက ပုဂ္ဂလိကဆေးရုံများ၊ တိုင်းရင်းသားအဖွဲ့များ၏ ကျန်းမာရေးစောင့်ရှောက်မှုများ ဘာသာရေးဆိုင်ရာအဖွဲ့များ၏ ကုသိုလ်ပြု ဆေးရုံ၊ ဆေးခန်းများ စက်ရုံ၊ အလုပ်ရုံများရှိ ဆေးရုံ၊ ဆေးခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများလုပ်ဆောင်နေသကဲ့သို့ ယခုလို ကပ်ရောဂါဖြစ်ပွားမှုအခြေအနေများတွင်လည်း တစ်ဖက်တစ်လမ်းမှ ကူညီနေသည်ကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ရန်ကုန်မြို့ရှိ Fever Clinics များကို တာဝန်ခံဆရာအဖြစ် ကူညီဆောင်ရွက်ပေးနေကြသော အထွေထွေရောဂါကုဆရာဝန်များဖြစ်ကြပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ Fever Clinics အထွေထွေရောဂါကုဆရာဝန်များ လူနာကြည့်ရှုစစ်ဆေးနေပုံ ဖြစ်ပါတယ်။ ရန်ကုန်မြို့တွင် Fever Clinics (၂၀)ခန့်ရှိပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးဆေးခန်းများတွင် အထွေထွေရောဂါကုဆရာဝန်များက ပူးပေါင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရတဲ့ပုံ ဖြစ်ပါတယ်။

ဖော်ပြပါပုံကတော့ MOHS လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း MMA တို့ပူးပေါင်း၍ Volunteers များအား သင်ကြားပြသပေးနေပုံ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဆရာဝန်အသင်းနဲ့ Volunteers များ စုပေါင်း၍ ပညာပေးလုပ်ငန်းများ လုပ်ဆောင်နေပုံ ဖြစ်ပါတယ်။ ဒါတော့ ကျွန်တော်တို့ မွန်ပြည်နယ်၊ ရေးမြို့မှာ MOHS နဲ့ အထွေထွေရောဂါကု ဆရာဝန်များ၊ Volunteers များ ပူးပေါင်း၍ ပညာပေးလုပ်ငန်းများကို လုပ်ဆောင်နေတဲ့ပုံ ဖြစ်ပါတယ်။ ဖော်ပြပါပုံကတော့ ၂၀၁၉ ခုနှစ်တွင် နေပြည်တော်မှာကျင်းပတဲ့ အထွေထွေရောဂါကုဆရာဝန်များညီလာခံတွင် ပြည်ထောင်စုဝန်ကြီးမှ တက်ရောက်၍ အမှာစကားပြောကြားနေပုံဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးမှလည်း အထွေထွေရောဂါကုဆရာဝန်များနဲ့ ပူးပေါင်းဆောင်ရွက်ရန် လမ်းပြမြေပုံများ ချမှတ်ဆောင်ရွက်ရန် ၂၀၂၀ ပြည့်နှစ်တွင် နှီးနှောဖလှယ်ပွဲများ ကျင်းပ၍ Family Medicine မဟာသိပ္ပံဘွဲ့လွန် စတင်သင်ကြားရန် ပြောကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ လူတို့၏ နေထိုင်မှုပုံစံများ ပြောင်းလဲလာမှု၊ ရာသီဥတုများ ဖောက်ပြန်လာမှုတို့ကြောင့် ကမ္ဘာ့ကပ်ရောဂါများ၊ သဘာဝဘေးအန္တရာယ်များ၊ နောက်နှစ်ပေါင်းများစွာ ဆက်လက်ဖြစ်ပေါ်နေမည်ဟု ပြောကြားသွားခဲ့ပါတယ်။ ပြည်သူများအတွက် အရည်အသွေး ပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ လွှမ်းခြုံအားကောင်းစွာ ပေးဆပ်နိုင်ရန်၊ ပုဂ္ဂလိကဆေးခန်းများ၏ အရည်အသွေးမှာလည်း အထူးပင်လိုအပ်လှပါတယ်။ အထွေထွေရောဂါကု ဆရာဝန်များအနေဖြင့် မြန်မာနိုင်ငံတွင် ဆေးပညာအဆင့်အတန်းမြင့်မားရေး၊ ဆရာဝန်ကျင့်ဝတ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အပြည်ပြည်ဆိုင်ရာဆေးပညာရှင်များနှင့် ဆက်သွယ်ပြီး ဆေးပညာ အဆင့်အတန်းမြင့်မားရေးတို့အတွက်လည်း အထူးလိုအပ်လှပါတယ်။ နောင်ဖြစ်လာမည့် ကျန်းမာရေး ကိစ္စများတွင် နိုင်ငံတော်အစိုးရနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဤမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

FEVER CLINIC များတွင် အထွေထွေရောဂါကု ဆရာဝန်များ လူနာကြည့်ရှုနေသည့် မြင်ကွင်းပုံ (ဏ)



MOHS, လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန် အသင်း (MMA)တို့ ပူးပေါင်း၍ Volunteer များအား သင်ကြားပြသနေသည့် မြင်ကွင်းပုံ (ဏ-၁)



မွန်ပြည်နယ်၊ ရေးမြို့တွင် MOHS နှင့် အထွေထွေရောဂါကုဆရာဝန်များ၊ Volunteer များ ပူးပေါင်း၍ ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မြင်ကွင်းပုံ (ဏ–၂)



**ချင်းပြည်နယ်၊ မတူပီခရိုင်၊ မတူပီမြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအား ခရိုင်အဂ်ါရပ်နှင့် ညီညွတ်သည့် ခုတင်(၁၀၀)ဆံ့ ခရိုင်ဆေးရုံအဖြစ် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၁။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ဒီနေ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ချင်းပြည်နယ်၊ မတူပီခရိုင်၊ မတူပီမြို့ ခုတင်(၅၀)ဆံ့ဆေးရုံအား ခရိုင်အဂ်ါရပ်နှင့် ညီညွတ်သော ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်၊ မတူပီခရိုင်သည် မတူပီမြို့၊ ပလက်ဝမြို့၊ ရေဇွာမြို့၊ ဆမီးမြို့နဲ့ လိုင်လင်းပီမြို့ဟူ၍ မြို့(၅)မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု(၁၇၄)စု၊ ကျေးရွာစုစုပေါင်း(၅၂၀)ဖြင့် ဖွဲ့စည်းထားသော ခရိုင်ဖြစ်ပါတယ်။ လူဦးရေ(၁၅၀၀၀၀)ကျော်နေထိုင်သော မတူပီခရိုင်သည် မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေး အခက်ခဲဆုံး ဒေသဖြစ်ပါတယ်။ မတူပီခရိုင်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန လက်အောက်ရှိ ခုတင်(၅၀)ဆံ့ ဆေးရုံ(၂)ခု၊ တိုက်နယ်ဆေးရုံ(၅)ခုဖြင့်

ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်ပေးနေလျက်ရှိပါတယ်။ ယခုလက်ရှိ မတူပီမြို့နယ် ပြည်သူ့ဆေးရုံသည် ခုတင်(၅၀)ဆံ့ ဆေးရုံဖြစ်သည့်အတွက် ခုတင်(၅၀)ဆံ့ အဆင့်သည် ခွဲစိတ်ဆရာဝန်များ၊ အထူးကုဆရာဝန်များ မရှိဘူး ဖြစ်နေပါတယ်။ ခုတင်(၅၀)ဆံ့ ဆေးရုံသည် အထူးကုဆရာဝန်များ မရှိသည့်အတွက် အရေးပေါ်လူနာများဖြစ်တဲ့ လူနာများကို (၁၀၂)မိုင် ကွာဝေးသော မင်းတပ်ခရိုင်ဆေးရုံသို့သာ မကြာခဏ လွှဲပြောင်းပေးနေရပါတယ်။ (၁၀၂)မိုင်ဟူသော အကွာအဝေးသည် မြေပြန့်ဒေသအတွက် (၂)နာရီခန့်သာ ကားဖြင့် သွားလာရသောအနေအထားဖြစ်သော်လည်း တောင်ပေါ်ဒေသလမ်းပိုင်းအတွက် အလွန်ခက်ခဲတဲ့ဒေသဆိုရင်တော့ (၇)နာရီ၊ (၈)နာရီကြာ ခက်ခက်ခဲခဲ ကားနဲ့ သွားလာနေရတဲ့အနေအထားမျိုး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လူနာများ ခရီးတစ်ဝက်၌ အသက်မဆုံးရှုံးသင့်ဘဲနဲ့ ဆုံးရှုံးတာကိုလည်း များစွာကြုံတွေ့နေရတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရက မတူပီခရိုင်အတွက် ၂၀၁၆-၂၀၁၇၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များတွင် ခုတင်(၁၀၀)ဆံ့ ဆက်စပ်အဆောက်အအုံများကို ခမ်းနားထည်ဝါစွာ ဆောက်လုပ်ပြီးစီးခဲ့ပြီ ဖြစ်ပါတယ်။ ယခုအခါ ဝန်ထမ်းဖွဲ့စည်းပုံပဲ လိုအပ်တော့တာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒီဟာကတော့ ကျွန်တော်တို့ ချင်းပြည်နယ် ခရိုင်(၄)ခုကို ဖော်ပြထားတာဖြစ်ပါတယ်။ အဲဒီမှာကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ မတူပီခရိုင်က အစိမ်းနုရောင်နဲ့ ခြယ်ထားတဲ့နေရာ ဧရိယာအကျယ်ဆုံးဖြစ်ပါတယ်။ ဒီဟာကတော့ မတူပီမြို့ ပြည်သူ့ဆေးရုံပင်မအဆောက်အအုံဖြစ်ပါတယ်။ ခုတင်(၁၀၀)ဆံ့ ဆက်စပ်အဆောက်အအုံအတွက် ဆောက်ထားတာ ဖြစ်ပါတယ်။ ဒီဘက် သွပ်မိုး သံချေးတက်နေတာကတော့ အရင်ဆေးရုံဟောင်း အဆောက်အအုံဖြစ်ပါတယ်။ ဟိုဘက်အနောက်ဘက်က အပြာရောင်နဲ့ သွပ်မိုးအဖြူရောင်ဟာ ဆိုလို့ရှိရင် ခုတင်(၁၀၀)အတွက် ဆက်စပ်အဆောက်အအုံ ဆောက်ပေးထားတာ ဖြစ်ပါတယ်။ ဒီဟာကလည်း မတူပီမြို့ ပြည်သူ့ဆေးရုံ ခွဲစိတ်ကုသဆောင်နဲ့ ဓာတ်မှန်အတွက် ဆောက်ပေးထားတဲ့အဆောက်အအုံ ဖြစ်ပါတယ်။ ဒါကတော့ ပြည်သူ့ဆေးရုံဝန်ထမ်းများအတွက် (၈)ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာများ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ Google ကနေမြင်ရတဲ့ပုံ ဖြစ်ပါတယ်။ ဒီညာဘက်ခြမ်းကပုံ အပြာနုရောင်နဲ့ ခြယ်ထားတာက ပြည်သူ့ဆေးရုံဝန်းဖြစ်ပါတယ်။ ဒီအထဲမှာ အဆောက်အအုံကို ကွင်းကွင်းကွက်ကွက် မြင်နိုင်တာဖြစ်ပါတယ်။ နောက်တစ်ခုရှိတာက ကျွန်တော်တို့ ဒီဆေးရုံနေရာအပြင် မတူပီ-မင်းတပ် လမ်းဘက်ကိုလည်း (၃)ကေခွဲကျော်ရှိတဲ့နေရာမှာ ဝန်ထမ်းအိမ်ရာကိုလည်း (၃)ခုလောက် ဆောက်ထားတာ ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ဒီ မတူပီခရိုင်အတွက် မတူပီမြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအား ခရိုင်အဂ်ါရပ်နဲ့ ညီညွတ်သောဆေးရုံဖြစ်အောင် လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။


မတူပီမြို့ ပြည်သူ့ဆေးရုံ ပင်မအဆောက်အအုံ မြင်ကွင်းပုံ (တ)



မတူပီမြို့ ပြည်သူ့ဆေးရုံ ခွဲစိတ်ကုသဆောင်နှင့် ဓာတ်မှန်အဆောက်အအုံ မြင်ကွင်းပုံ (တ-၁)



မတူပီမြို့ ပြည်သူ့ဆေးရုံကို Google Map မှ မြင်တွေ့ရသည့် မြင်ကွင်းပုံ (တ-၂)




**အချိန်၊ ၁၀:၄၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၄၆။**

**ဒေါက်တာမြလေးစိန် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ဖြစ်ပါတယ်ရှင်။

ရောဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားပါမယ်။ ကျွန်မတို့ ဒီဖြစ်စဉ်ကို ပြန်လည်လေ့လာတဲ့အခါမှာ ရန်ကုန်မြို့၊ ပြည်လမ်း(၉)မိုင်ရှိ မြန်မာဂေါက်သီးရိုက်အသင်းပိုင်မြေကိစ္စနှင့် ပတ်သက်၍ အဆိုပါမြေသည် ယခင်က Burma Golf Class အမည်ဖြင့် မြေဧရိယာ (၄၉၇.၅၀)ဧကကို မြေဂရန် ရရှိခဲ့ပြီး ဂရန်သက်တမ်းကုန်ဆုံး၍ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်း အမည်ဖြင့် မြေဧရိယာ (၁၇၇.၈၇)ဧကအား ဂရန်အသစ် လျှောက်ထားခဲ့ရာ ၁-၈-၁၉၉၇ ခုနှစ်တွင် နှစ်(၆၀) မြေဂရန်အား ပေးထားသည်ကို တွေ့ရှိရပါတယ်။ သို့ရာတွင် မြန်မာနိုင်ငံဂေါက်သီးရိုက်အသင်းသည် အသင်းပိုင် အမည်ပေါက် မြေဂရန်ငှားရမ်း ရရှိပြီးသောမြေနေရာအချို့ကို ပုဂ္ဂလိကပိုင်ကုမ္ပဏီများသို့ အပြီး

အပိုင် ရောင်းချ၍ လူနေအိမ်ခြေအဆောက်အဦများ ဆောက်လုပ်နေခြင်း၊ အသင်းအလုပ်အမှုဆောင်အဖွဲ့၏ စီမံဆောင်ရွက်မှုများ မမှန်မကန်ဖြစ်နေခြင်း စသည်တို့ကို အသင်းသားအချို့မှ အငြင်းပွား၍ တင်ပြလာခြင်း တွေ့ရှိရပါတယ်။ ယခင် အားကစားဝန်ကြီးဌာနအနေဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့အား ဖွဲ့စည်း၍ မြန်မာနိုင်ငံဂေါက်သီးရိုက်အသင်း၏ အလုပ်အမှုဆောင်အဖွဲ့အား ဖျက်သိမ်းခဲ့ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင် ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ဌာနဆိုင်ရာကိုယ်စားလှယ်အဖွဲ့ဝင်(၁၁)ဦးဖြင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်း ကြီးကြပ်ရေးအဖွဲ့ကို ၁-၇-၁၉၉၈ ခုနှစ်တွင် စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်း၏ မြေနယ်နိမိတ် ပိုင်ဆိုင်သတ်မှတ်မှုများသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ လျော်ညီမှုမရှိဘဲ ရှုပ်ထွေးမှုများရှိနေပါသဖြင့် ကြီးကြပ်ရေးအဖွဲ့သည် မြန်မာနိုင်ငံဂေါက်သီးရိုက်အသင်း၏ ဆက်စပ်မြေနေရာများအား ပြန်လည်တိုင်းတာ သတ်မှတ်၍ မြေနယ်နိမိတ် အတိအကျအား မြေပုံနှင့်အတူ သတ်မှတ်ခဲ့ပြီး ပြန်လည်တိုင်းတာ သတ်မှတ်ပေးခဲ့သည့် မြေနေရာအား အမည်ပေါက်ပြန်တမ်း ပြင်ဆင်သတ်မှတ်ပေးပါရန် ကြီးကြပ်ရေးအဖွဲ့၏ တင်ပြချက်နှင့်အညီ အားကစားဝန်ကြီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့လည်းကောင်း မြေငှားဂရန်စာချုပ် အစ/၁၃၆/၉၆ အား ပြင်ဆင်သတ်မှတ်ပေးပါရန် တင်ပြဆောင်ရွက်ခဲ့ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ရုံးတွင်းအမိန့် (၄၀/၉၉) ဖြင့် ပယ်ဖျက်ပေးခဲ့ပြီး မြန်မာနိုင်ငံဂေါက်သီးရိုက်အသင်း ကြီးကြပ်ရေးအဖွဲ့မှ မြေငှားဂရန် မူရင်းအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ ၁၁-၆-၁၉၉၉ ရက်နေ့တွင် ပြန်လည်အပ်နှံခဲ့ပါတယ်။

မရမ်းကုန်းမြို့နယ်ရှိ မြေဧရိယာ (၁၇၈.၃၀၄)ဧကအား မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်း အသုံးပြုရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ယခင် အားကစားဝန်ကြီးဌာနသို့ ၅-၇-၁၉၉၉ ခုနှစ် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အမည်ပေါက်ပြန်တမ်းဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ၎င်း ပြန်တမ်းအား Power Point ဖြင့် တင်ပြခွင့်ပြုပါရှင်။ ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရရုံး၊ မြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့ရဲ့ အမိန့်ကြော်ငြာစာအရ ကျွန်မတို့အနေနဲ့ အားကစားဝန်ကြီးဌာနသို့ အောက်ပါ စည်းကမ်းချက်များနှင့် လွှဲပြောင်းပေးလိုက်သည်။ (က) ဖော်ပြပါ မြေများအား မြန်မာနိုင်ငံဂေါက်သီးရိုက်အသင်းအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။ (ခ) မြေကို မြန်မာနိုင်ငံဂေါက်သီးရိုက်အသင်းအတွက် အသုံးပြုရန် မလိုအပ်သည့်အခါ ထိုမြေကို ဤဦးစီးဌာနသို့ ပြန်လည်အပ်နှံရန်ဖြစ်ပြီး အစိုးရမှ ပြန်လည်သိမ်းယူမည်။ (ဂ) မြေကို အသုံးပြုရာတွင် မြန်မာနိုင်ငံဂေါက်သီးရိုက်အသင်းနှင့် ဤဦးစီးဌာနတို့ အယူအဆကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို အစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမည်ဟု တင်ပြပြီး ပေးအပ်ထားခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်းမှ ၂-၉-၂၀၁၆ ရက်နေ့တွင် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်း၏ နှစ်(၆၀)မြေငှားရန်အား ပယ်ဖျက်ခြင်းအား စိစစ်၍ အသင်းအမည်ပေါက် ပြန်လည်ခွင့်ပြုပါရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တင်ပြလာပါတယ်။ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်း တင်ပြလာချက်နဲ့ ပတ်သက်၍ အဆိုပါ မြေနေရာသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင်အဖြစ် အမည်ပေါက် ပြန်တမ်းနှင့် လွှဲပြောင်းရယူထားသော်လည်း လက်ရှိ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အားကစားနည်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်းအား အသုံးပြုခွင့်ပေးထားပြီး ဖြစ်ပါသဖြင့် ဂေါက်ကွင်းမြေနေရာအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင် မြေနေရာအဖြစ် ဆက်လက်ထားရှိသွားမည်ဖြစ်ပါကြောင်း ၁၉-၁၂-၂၀၁၆ ရက်နေ့တွင် မြန်မာနိုင်ငံဂေါက်သီးရိုက်အသင်းသို့ အကြောင်းပြန်ကြားခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးအနေဖြင့် ၉-၁၂-၂၀၁၈ ရက်နေ့တွင် အသင်းပိုင် မြန်မာဂေါက်ကွင်းအား မူလပိုင်ရှင်ဖြစ်သော မြန်မာဂေါက်သီးရိုက်အသင်းသို့ ဂရန်အမည်ပေါက် ပြန်လည်လွှဲပြောင်းပေးပါရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ထပ်မံတင်ပြလာပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြချက်နဲ့ပတ်သက်၍ ၂၈-၂-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၁၉)၏ ဆုံးဖြတ်ချက်အရ ဂေါက်ကွင်းမြေနေရာအား ဌာနပိုင်မြေအဖြစ် ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့ကြပါတယ်။ ယခင် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်း၏ စီမံခန့်ခွဲမှုများ စနစ်လွဲချော်မှုများကြောင့် မြေယာခွဲဝေသုံးစွဲမှုများ ဖြစ်ပေါ်လာသည့်ပြဿနာများ၊ မြန်မာ့ဂေါက်သီးအားကစား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဂေါက်ကွင်းမြေနေရာ ပျောက်ကွယ်မှုမရှိစေရေးတို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ၃၁-၁၂-၂၀၀၂ ရက်စွဲပါစာအမှတ် ၄၅/၂၀၀၂ အဖရ ၂၀၀၂ (၆၇)အရ အားကစားကဏ္ဍတွင် အားကစားကွင်းများ မပျောက်ပျက်အောင် ထိန်းသိမ်းရန်၊ မြို့ရွာအဆောက်အအုံများ တိုးချဲ့ရာတွင် အားကစားကွင်းအတွက်နေရာများ သတ်မှတ်ထားရှိရန်ဟု နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်ချက်အရ စိစစ်ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်း၍ စနစ်တကျဆောင်ရွက်ခဲ့ပြီး ယခုလက်ရှိတွင် ဂေါက်သီးရိုက်ကွင်းအား စီမံခန့်ခွဲမှု၊ အသင်းသားများကိစ္စ၊ ကွင်းကိစ္စ၊ အဖွဲ့၏ ရွေးချယ်တင်မြှောက်ရေးကိစ္စ၊ ငွေကြေးစီမံခန့်ခွဲရေးကိစ္စများအား မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်းမှ လွတ်လပ်စွာဆောင်ရွက်နိုင်ရန် ပေးအပ်ထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ယခင် အားကစားဝန်ကြီးဌာန၏ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အမိန့်ကြော်ငြာစာဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ နိုင်ငံတော်မှ လွှဲပြောင်းပေးအပ်ခဲ့ခြင်း၊ ဂေါက်ကွင်းနေရာ မပျောက်ပျက်စေရေးအတွက် ဌာနမှစီမံဆောင်ရွက်ခဲ့ခြင်း၊ ယနေ့တိုင် အဆိုပါဂေါက်ကွင်းအား ဌာနမှ ဝင်ရောက်စွက်ဖက် ကြီးကြပ်ခဲ့ခြင်းမရှိဘဲ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်းမှသာ စီမံခန့်ခွဲလျက်ရှိနေပါသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ တာဝန်ပေးချက်

ဖြစ်သော အားကစားကွင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်နှင့် အားကစားကွင်းများ မပျောက်ပျက်စေရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ မိမိပေးထားသောတာဝန်ကို ဆက်လက်တာဝန်ယူပြီး ထိန်းသိမ်းစောင့်ရှောက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

ဒုတိယမေးခွန်းဖြစ်တဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို အဆင့်အတန်းမြှင့်တင်ရန် ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဆရာဝန်များ၏ အရည်အသွေးကို မြှင့်တင်ပေးနိုင်ရန် ၁၉၉၇-၁၉၉၈ ပညာသင်နှစ်မှစ၍ ဆေးတက္ကသိုလ်များတွင် မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာဘွဲ့လွန်သင်တန်းကို ဖွင့်လှစ်ခဲ့ပါတယ်။ ဆေးတက္ကသိုလ်များ၏ ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းတွင် မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာသင်ကြားခြင်းနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ရန် လက်ရှိဖွင့်လှစ်ထားသည့် မိသားစုကျန်းမာရေး စောင့်ရှောက်မှုဆေးပညာ ဒီပလိုမာဘွဲ့လွန် သင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ်ရန်နှင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာ မဟာသိပ္ပံဘွဲ့လွန်သင်တန်းဖွင့်လှစ်နိုင်ရေးတို့အတွက် မိသားစုကျန်းမာရေး စောင့်ရှောက်မှုဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနှီးနှောဖလှယ်ပွဲကို ၂၀၁၇ ခုနှစ်တွင် ကျင်းပခဲ့ပြီး၊ နှီးနှောဖလှယ်ပွဲ ဆွေးနွေးအကြံပြုချက်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များဖြင့် ဆေးတက္ကသိုလ်များတွင် မိသားစုကျန်းမာရေး ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်း ဖွင့်လှစ်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို (၅)ကြိမ်ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ လုပ်ငန်းကော်မတီဖွဲ့စည်းကာ သင်ရိုးညွှန်းတမ်းရေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးများကို ကျင်းပ၍ မိသားစုကျန်းမာရေး ပညာယူနစ်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ညှိနှိုင်း၍ သင်ရိုးညွှန်းတမ်း ရေးဆွဲဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များတွင် ဆေးပညာမဟာသိပ္ပံ (မိသားစုကျန်းမာရေးဆေးပညာ)ဘွဲ့လွန်သင်တန်းအား ၂၀၂၀-၂၀၂၁ ခုနှစ် ပညာသင်နှစ်မှစ၍ ဆေးတက္ကသိုလ်(၁)(ရန်ကုန်)၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ်(၂)(ရန်ကုန်)တို့တွင် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားရှိပါသည်။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် စတင်စီစဉ်ဆောင်ရွက်မည့် ဘွဲ့လွန်ဆေးပညာ သင်တန်းများနှင့်အတူ လျှောက်လွှာခေါ်ယူခြင်းကို ဆက်လက်ဆောင်ရွက်ရန် စီစဉ်နေပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်၊ မတူပီခရိုင်၊ မတူပီမြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအား ခရိုင်အင်္ဂါရပ်နှင့် ညီညွတ်သည့် ခုတင်(၁၀၀)ဆံ့ ခရိုင်ဆေးရုံအဖြစ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်းနှင့်ပတ်သက်၍ မတူပီမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ခုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံတစ်ရုံ၊ ရေဇွာတိုက်နယ်ဆေးရုံ၊ လိုင်လင်းပီ တိုက်နယ်ဆေးရုံ၊ လုံငိုးတိုက်နယ်ဆေးရုံ၊ စုစုပေါင်းဆေးရုံ (၄)ရုံ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ မတူပီမြို့ ပြည်သူ့ဆေးရုံသည် မင်းတပ်မြို့ ပြည်သူ့ဆေးရုံနှင့် (၁၀၂)မိုင်၊ ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးနှင့် (၁၀၇)မိုင်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တောင်ပေါ်ဒေသဖြစ်သဖြင့် အရေးပေါ်လူနာများ လွှဲပြောင်းကုသမှုခံယူရန်အတွက် အခက်အခဲများစွာ ကြုံတွေ့နေရသည်ကို သိရှိရပါသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ချင်းပြည်နယ်၊ မတူပီမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံဖွဲ့စည်းပုံ ခွင့်ပြုမိန့်ရရှိရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၁၆-၅-၂၀၁၉ ရက်စွဲပါ စာအမှတ် ၂၂ မခ (ထ)၂၀၁၉ (၅၉၇)/၇၈၃၀ ဖြင့် အဆောက်အဦ ဆောက်လုပ်ရန်အတွက် မြေနေရာလုံလောက်မှု ရှိ/မရှိ။ အဆောက်အဦ ထပ်မံဆောက်လုပ်ရန် လို/မလို။ နယ်မြေဒေသအခြေအနေနှင့် မြေပြင်အမှန်တကယ်လိုအပ်မှု ရှိ/မရှိတို့ကို စိစစ်ပြန်ကြားပေးနိုင်ပါရန် သဘောထားမှတ်ချက်တောင်းခံပြီး ချင်းပြည်နယ်အစိုးရအဖွဲ့မှ ၅-၇-၂၀၁၉ ရက်စွဲပါ စာအမှတ် ၄/၈-၇(၁)/ဦး ၃ ဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် နယ်မြေအခြေအနေနှင့် မြေပြင်အခြေအနေအရ ခုတင်အဆင့်တိုးမြှင့်ပေးသင့်ပါကြောင်း အကြောင်းပြန်ကြားခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ မတူပီမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူဆေးရုံအား ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ရန် ဖွဲ့စည်းပုံခွင့်ပြုမိန့် ထုတ်ပြန်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ၆-၆-၂၀၁၉ ရက်စွဲဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၉)ပါ မူဝါဒများ၊ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့မှ ထုတ်ပြန်ထားသောသတ်မှတ်ချက်များနှင့်အညီ အဆိုပြုချက်များအား ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၂-၈-၂၀၁၉ ရက်စွဲပါစာအမှတ် ၃၅ မခ(ထ)၂၀၁၉/၁၃၈၆၄ ဖြင့် ညှိနှိုင်းခဲ့ပါတယ်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနမှ ၅-၅-၂၀၂၀ ရက်စွဲပါ စာအမှတ် စဘစ/ စီမံ-၁/ ၃/၅၂ (၁၁၃၇/၂၀၂၀) ဖြင့် ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ စံကိုက်ဖွဲ့စည်းခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ အသစ်တိုးချဲ့ဖွင့်လှစ်ခွင့်ပြုရေး ညှိနှိုင်းလာခြင်းကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒအသစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးမှသာ မူဝါဒအသစ်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်ကြောင်း အကြောင်းကြားလာပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒအသစ် ထုတ်ပြန်ပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးမောင်မောင်အုန်း၊ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးခွန်းနှင့် ပတ်သက်ပြီးတော့ ဆက်စပ်မေးခွန်းလေး မေးခွင့်ပြုပါ။ ယခုလာရောက်ဖြေကြားသွားတဲ့ ဒုတိယဝန်ကြီးကို အထူးကျေးဇူးတင်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ အဓိကဂရန်က ဒီ ဂေါက်သီးရိုက်အသင်းပိုင် ဂရန်ဖြစ်တဲ့အတွက် အဲဒီမှာ အဆောက်အအုံတွေပြင်တဲ့အခါ၊ အဆောက်အအုံတွေ၊ နောက် အသေးလေးတွေ သူတို့ Recreation Center လေးတွေ ဆောက်တဲ့အခါမှာ သူတို့ ဆောက်ပိုင်ခွင့်မရှိပါဘူး။ ဘာပြုလို့လဲဆိုတော့ ဒီ ဂရန်မရှိဘဲနဲ့ စည်ပင်ကခွင့်မပြုပါဘူး။ အဲဒီကိစ္စကို ကျွန်တော်က ၂၁-၅-၂၀၂၀ ရက်နေ့က လွန်ခဲ့တဲ့ငါးရက်က ပြည်ထောင်စုလွှတ်တော်ထမင်းစားခန်းမှာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဦးမြင့်ထွေးနဲ့ တွေ့ပါတယ်။ တွေ့တော့ဒီလိုရှင်းပြတဲ့အခါမှာ အဲဒါဆိုရင်လည်း ခင်ဗျားတို့ ဂရန်ကို ကျွန်တော်တို့ သိမ်းထားလို့လည်း ဘာမှအကျိုးမရှိပါဘူး။ ဒါပုဂ္ဂလိကပိုင်တဲ့မြေဖြစ်တဲ့အတွက် ဆက်စပ်မေးခွန်း မေးပါဆိုလို့ ဒီဥစ္စာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဟာ ဂရန်မရှိတဲ့အတွက် အခက်အခဲရှိနေပါကြောင်းလည်း တင်ပြလိုပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ဒုတိယဝန်ကြီးများ ဘယ်လိုစဉ်းစားထားပါသလဲ ဆိုတာကျွန်တော် မေးမြန်းလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာမြလေးစိန် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ ဆက်စပ်မေးခွန်းမေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်မတို့ ပြည်ထောင်စုဝန်ကြီးကို ပြန်လည်တင်ပြပါမယ်။ ပြည်ထောင်စုဝန်ကြီးနဲ့ဆွေးနွေးထားတာဖြစ်တဲ့အတွက်ကြောင့် ကျွန်မတို့ ဆွေးနွေးပြီးတဲ့အခါမှာ ပြန်လည်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးဆီကို အကြောင်းကြားပါမယ်လို့ တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၁:၀၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ အေးမြသာယာနှင့် နန်းကွေ့ကျေးရွာအုပ်စု၊ ကဘူဒမ်းကျေးရွာအား ဆက်သွယ်ထားသော အေးမြသာယာ – ကဘူဒမ်းလမ်းအား ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၀၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဆီဟူးဒွေ့ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၀။**

**ဦးဆီဟူးဒွေ့၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆီဟူးဒွေ့ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ အေးမြသာယာနှင့် နန်းကွေ့ကျေးရွာအုပ်စု၊ ကဘူဒမ်းကျေးရွာသို့ ဆက်သွယ်ထားသော အေးမြသာယာ – ကဘူဒမ်းလမ်းအား ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးမြန်းရတဲ့ အကြောင်းအရင်းကတော့ ပထမအချက်အနေနဲ့ အေးမြသာယာ– ကဘူဒမ်းလမ်းဟာ ကဘူဒမ်းကျေးရွာနဲ့ ပတ်ဝန်းကျင်ရှိကျေးရွာများ မြို့ပေါ်သို့သွားရန် အနီးဆုံးလမ်းဖြစ်ပါတယ်။ ၎င်းတို့အနေဖြင့် မြို့ပတ်လမ်းအတိုင်း မြို့ပေါ်သို့သွားမည်ဆိုပါက (၃)မိုင်နဲ့ (၄)မိုင် ဝေးမှာဖြစ်ပါတယ်။

ဤလမ်းအား ကဘူဒမ်းကျေးရွာ၊ နောင်းပိုကျေးရွာ၊ မလိခကျေးရွာ၊ ပြည်ထောင်ကျေးရွာများအပြင် နန်းကွေ့နဲ့တပ်ကုန်းရပ်ကွက် ရာဒါကောင်းတို့မှ မိဘပြည်သူ အိမ်ခြေ(၁၀၀၀)ကျော်၊ လူဦးရေ(၈၀၀၀)ကျော်တို့ သွားလာလျက်ရှိတဲ့လမ်း ဖြစ်ပါတယ်။ ၎င်းလမ်းသည် မြို့သစ်ကြီးရက်ကွက်၊ အေးမြသာယာထိ ကတ္တရာလမ်းခင်းထားပြီးဖြစ်ရာ ကဘူဒမ်းသို့အရောက်ခင်းရန် ပေ(၂၆၀၀)ဝန်းကျင်သာလိုကြောင်း တွေ့ရှိရပါတယ်။ သို့သော် အေးမြသာယာ–ကဘူဒမ်းလမ်းသည် မြေသားလမ်းဖြစ်ခြင်း၊ ကျောက်ခင်းလမ်း သေသပ်မှုမရှိခြင်းတို့ကြောင့် မိုးတွင်းအခါ ရေဝပ်ခြင်း၊ ချိုင့်ခွက်ထူပြောခြင်းများရှိသဖြင့် သွားလာရအလွန်ခက်ခဲပါတယ်။ ဤကဲ့သို့ လမ်းမကောင်းသော်လည်း နေ့စဉ် သွားလာရတဲ့အကြောင်းများ ကြုံတွေ့လာရသဖြင့် အချို့သည် မီးရထားသံလမ်းနှင့်ကပ်ပြီး သွားလာမှုများရှိသဖြင့် အန္တရာယ်များစွာရှိခြင်းကြောင့် လမ်းအားအမြန်ဆုံးကောင်းအောင်ဆောင်ရွက်ပေးသင့်သည်ကို တွေ့ရှိရပါကြောင်း တင်ပါလိုပါတယ်။

ဒုတိယအချက်အနေဖြင့် ကဘူဒမ်းကျေးရွာမှာ အခြေခံပညာကျောင်းမရှိပါဘူး။ ဒါကြောင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား/ကျောင်းသူများဟာ မြို့ပေါ်မှာရှိတဲ့ကျောင်းများသို့ သွားပြီးကျောင်းတက်ရပါတယ်။ ဒါ့အပြင် သာရေး၊ နာရေး၊ ဘာသာရေးကိစ္စများပေါ်ပေါက်

လာပါကလည်း ဤလမ်းဖြင့်သာ သွားလာရတာဖြစ်ပါတယ်။ သို့သော် လမ်းမကောင်းသဖြင့် အခက်အခဲများစွာ ရှိတဲ့အတွက် မိဘပြည်သူများ တင်ပြချက်အတိုင်း ဤလမ်းသည် မြို့ပေါ်သို့သွားရန် အနီးဆုံးလမ်းဖြစ်ခြင်း၊ ကျောင်းသား/ကျောင်းသူများ၊ မိဘပြည်သူများ နေ့စဉ် သွားလာနေရတဲ့ လမ်းဖြစ်ခြင်း စသည့်အချက်များကြောင့် လမ်းအား အမြန်ဆုံး အဆင့်မြှင့်တင်ပေးသင့်သည်ကို တွေ့ရှိရပါကြောင်း တင်ပြလိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အေးမြသာယာ-ကဘူဒမ်းလမ်းအား ကတ္တရာလမ်းခင်းပေးခြင်းအားဖြင့် မိဘပြည်သူများ လူမှုဘဝဖွံ့ဖြိုးမှုတိုးတက်လာခြင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုချင်းဆက်လမ်း ပိုမိုကောင်းမွန်လာခြင်းနဲ့ ကျောင်းသား/ကျောင်းသူများ ပညာကောင်းမွန်စွာ သင်ကြားလာနိုင်ခြင်းတို့ အကျိုးကျေးဇူးများရရှိမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဖော်ပြပါမေးခွန်းအား မိဘပြည်သူများကိုယ်စား သက်ဆိုင်ရာသို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ချိုင်းစနူးကျေးရွာအုပ်စုနှင့် မွံတနူးကျေးရွာအုပ်စုကြား ဆက်သွယ်ထားသည့် လေးချောင်းကြိုးတံတားအား အသစ် ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၀၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၃။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုသည့် မေးခွန်းကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ချိုင်းစနူးကျေးရွာအုပ်စုနှင့် မွံတနူးကျေးရွာအုပ်စုကြား ဆက်သွယ်ထားသည့် လေးချောင်းကြိုးတံတားအား အသစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုသည့်မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် ချိုင်းစနူးကျေးရွာအုပ်စုနှင့် မွံတနူးကျေးရွာအုပ်စုအတွင်းရှိ လိပ်ချောင်းဟာ မိုးရာသီတွင် ရေကြီးပြီး ရေစီးအားသန်သောချောင်းဖြစ်သောကြောင့် ခရီးသွားပြည်သူများ နှစ်စဉ် သွားလာရာတွင် အခက်အခဲများကြုံတွေ့ရပါတယ်။ နမ့်ပမ်ကျေးရွာနဲ့ မွံတနူးကျေးရွာကြားရှိ လိပ်ချောင်းကြိုးတံတား

အရှည်(၃၅၀)ပေရှိကြောင်း တွေ့ရှိရပါတယ်။ လိပ်ချောင်းကြိုးတံတား တည်ဆောက်ရာတွင် ခိုင်ခံ့မှု မရှိခြင်း၊ မြေပြိုခြင်းများကြောင့် အန္တရာယ်ရှိကြိုးတံတားအား ကွင်းဆင်းတွေ့ရှိချက်အရ အသစ် တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ဒေသခံပြည်သူများ၏ အဓိက အားထားသွားလာနေရ သောလမ်းဖြစ်သဖြင့် လိပ်ချောင်းကြိုးတံတားအသစ် တည်ဆောက်ပေးရန် ဒေသခံပြည်သူများ ကိုယ်စား တင်ပြတောင်းခံရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးနဲ့ အခြားသောလူမှုဘဝများအတွက် ရည်ရွယ်၍ ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝ မြို့နယ်၊ ချိုင်းစနူးကျေးရွာအုပ်စုနှင့် မှုံတနူးကျေးရွာအုပ်စုကြား ဆက်သွယ်ထားသည့် လေးချောင်း ကြိုးတံတားအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သက်ဆိုင်ရာ ဝန်ကြီးဌာန အား လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်အစိုးရ၏ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်မှ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့ နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ် (၂၉/စီ-၁)၊ မြေကွက်အမှတ်(၇-အေ) နှင့် ပတ်သက်၍ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော အစိုးရမြေကို လေလံတင်ရောင်းချခဲ့ခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၁:၀၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၅။**

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော် မေးလိုတဲ့အကြောင်းအရာကတော့ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်အတွင်းရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲသော အစိုးရမြေကို လေလံတင်ရောင်းချခဲ့ခြင်းနှင့် ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရရဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ရန်ကုန်တိုင်း ဒေသကြီး၊ စမ်းချောင်းမြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ် (၂၉/စီ-၁)၊ မြေကွက်အမှတ်(၇-အေ) နှင့် ပတ်သက်လို့ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော အစိုးရမြေကို တန်ဖိုးငွေကျပ် (၅၁၅)သန်းနှင့် ၂၀၁၁ ခုနှစ်မှာ လေလံတင်ရောင်းချခဲ့ပါတယ်။ လေလံအောင်သူဘက်မှ တန်ဖိုးငွေရဲ့ (၃၀)ရာခိုင်နှုန်းဖြစ်တဲ့ ငွေကျပ်(၁၅၄.၅)သန်း ပေးသွင်းထားရပြီးလည်း ဖြစ်ပါတယ်။ ဒါပေမဲ့

အချင်းဖြစ် မြေကွက်အနီးမှာရှိတဲ့ ဟိန္ဒူဘာသာရေးအဖွဲ့အစည်းက ကျူးကျော်ပြီး ဝင်/ထွက်ရန် လမ်းဖောက်ခြင်းဖြင့် မြေပေါ်မှာ နတ်ကွန်းတည်ဆောက်ထားခြင်း၊ ခြံစည်းရိုးခတ်ကာခြင်းတို့ ပြုလုပ်နေတဲ့အတွက် ဌာနဆိုင်ရာတာဝန်ရှိသူတို့ကို အကြောင်းကြားတင်ပြပေမယ့် အကြောင်းအမျိုးမျိုးပြပြီး အချိန်ဆွဲလာတာ ယခုဆို (၁၀)နှစ်နီးပါး ကြာမြင့်ခဲ့ပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရရဲ့ နိုင်ငံပိုင်သိမ်းဆည်းထားတဲ့မြေများနဲ့ပတ်သက်လို့ စီမံခန့်ခွဲမှုကော်မတီအနေနဲ့ လေလံတင်၍ ဝယ်ယူခွင့်ပြုခဲ့ပြီး လေလံအောင်သူကို စတင်ဆောင်ရွက်လုပ်ကိုင်ခွင့်ပေးရမည် ဖြစ်သော်လည်း ယခုကဲ့သို့ ကျူးကျော်ခြံခတ်ထားတဲ့ အခြေအနေမျိုးရောက်အောင် အရေးယူဟန့်တားခြင်းမပြုပဲ နှစ်အတန်ကြာ လျစ်လျူရှုထားတာဟာ လေလံငွေ ပေးသွင်းသူနိုင်ငံသားအတွက်လည်း များစွာနစ်နာသလို နိုင်ငံတော်အတွက်လည်း နစ်နာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လေလံအောင်သူဘက်မှ တန်ဖိုးငွေရဲ့ (၃၀)ရာခိုင်နှုန်းဖြစ်တဲ့ ငွေကျပ် (၁၅၄.၅)သန်း ပေးသွင်းထားရခြင်းနှင့် နိုင်ငံတော်ကိုဆက်လက်ပေးသွင်းရမယ့် တန်ဖိုးငွေရဲ့ (၇၀) ရာခိုင်နှုန်းဖြစ်တဲ့ ငွေကျပ်(၃၆၀.၅)သန်းရှိနေတာကြောင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ခုနှစ်ထိ (၁၀)နှစ်တာကာလဘဏ်တိုး (၁၃)ရာခိုင်နှုန်းနဲ့ တွက်ကြည့်ဖို့လိုအပ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ (၁၀)နှစ်အထိ နိုင်ငံတော်ဘက်မှ နှစ်အလိုက် အတိုးအရင်းစုစုပေါင်းနစ်နာ ဆုံးရှုံးငွေကျပ်သန်းပေါင်းဟာ (၇၅၀၃.၅)သန်းရှိနေပြီး နောက်တစ်ခါ လေလံအောင်သူဘက်မှ နှစ်အလိုက် အတိုးအရင်းစုစုပေါင်းနစ်နာဆုံးရှုံးမှု ငွေကျပ်သန်းပေါင်း (၃၂၁.၅)သန်းရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် နိုင်ငံတော်အစိုးရရဲ့ လေလံပစ်ထားတဲ့မြေနဲ့ ပတ်သက်ပြီး နောက်ဆက်တွဲပေါ်ပေါက်လာတဲ့ အစိုးရရဲ့ လေလံမြေအပေါ် ကျူးကျော်ထားမှုတို့ကို တာဝန်ယူမှု တာဝန်ခံမှု ရှိစွာနဲ့ ရှင်းလင်းပေးရမှာဖြစ်ပါတယ်။ ယင်းကိစ္စကဲ့သို့ အများပြည်သူတို့ အလားတူကြုံတွေ့လာပါက သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့ ပြီးပြတ်အောင်ဆောင်ရွက်ပေးနိုင်မည်ကို သိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉/ စီ-၁)၊ မြေကွက်အမှတ် (၇-အေ) လေလံဆွဲဝယ်ယူသူနှင့် နိုင်ငံတော်တို့ အပြန်အလှန် နစ်နာဆုံးရှုံးမှု အခြေပြဇယားပြပုံ (ထ)

အကြောင်းအရာ ။ ။ လေလံအပြိုင် ဆွဲရာတွင် နိုင်ငံတော်နှင့် လုပ်ငန်းရှင်ဘက်မှ ၁၀ နှစ်တာအတွင်း ဆုံးရှုံးနစ်နာမှု အခြေပြဇယား ။

အထက်ပါအကြောင်းအရာအရ ကျွန်တော်များဘက်မှ လေလံပြိုင်ဆွဲရာတွင် အောင်မြင်ခဲ့ပြီး ငွေပမာဏ ကျပ်သိန်း ၅၁၅,၀၀၀,၀၀၀.၀၀ တွင် လုပ်ငန်းရှင်ဘက်မှ ၃၀ % ပေးချေငွေပမာဏ ကျပ်သိန်းပေါင်း ၁၅၄,၅၀၀,၀၀၀.၀၀ /- အားပေးဆောင်ခဲ့ပါသည်။ထိုသို့ပေးဆောင်ခဲ့ပြီး နိုင်ငံတော်ဘက်မှ ကျန်ရှိငွေ ၇၀ % ငွေပမာဏ ကျပ်သိန်းပေါင်း ၃၆၀,၅၀၀,၀၀၀.၀၀ /- အား ( ၁၀ ) နှစ်တာအတွင်း အတိုးနှုန်း ၁၃ % နှင့်တကွ ဆုံးရှုံးနစ်နာမှုများအား အောက်ပါဇယားတွင် ဖော်ပြလိုက်ပါသည်။

မှတ်ချက် ။ ။ နိုင်ငံတော်ဘက်မှ ဆုံးရှုံးနစ်နာမှု အခြေပြဇယား ။ ( ကျပ်ငွေ )

| စဉ် | နှစ် | ငွေရင်းပမာဏ | အတိုးနှုန်း နစ်နာဆုံးရှုံးငွေ | အတိုး နှင့် အရင်း စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂၀၁၁ | ၃၆၀,၅၀၀,၀၀၀.၀၀ | ၄၆,၈၆၅,၀၀၀.၀၀ | ၄၀၇,၃၆၅,၀၀၀.၀၀ | |
| ၂ | ၂၀၁၂ | ၄၀၇,၃၆၅,၀၀၀.၀၀ | ၅၂,၉၅၇,၄၅၀.၀၀ | ၄၆၀,၃၂၂,၄၅၀.၀၀ | |
| ၃ | ၂၀၁၃ | ၄၆၀,၃၂၂,၄၅၀.၀၀ | ၅၉,၈၄၁,၉၁၉.၀၀ | ၅၂၀,၁၆၄,၃၆၉.၀၀ | |
| ၄ | ၂၀၁၄ | ၅၂၀,၁၆၄,၃၆၉.၀၀ | ၆၇,၆၂၁,၃၆၈.၀၀ | ၅၈၇,၇၈၅,၇၃၆.၀၀ | |
| ၅ | ၂၀၁၅ | ၅၈၇,၇၈၅,၇၃၆.၀၀ | ၇၆,၄၁၂,၁၄၆.၀၀ | ၆၆၄,၁၉၇,၈၈၂.၀၀ | |
| ၆ | ၂၀၁၆ | ၆၆၄,၁၉၇,၈၈၂.၀၀ | ၈၆,၃၄၅,၇၂၅.၀၀ | ၇၅၀,၅၄၃,၆၀၇.၀၀ | |
| ၇ | ၂၀၁၇ | ၇၅၀,၅၄၃,၆၀၇.၀၀ | ၉၇,၅၇၀,၆၆၉.၀၀ | ၈၄၈,၁၁၄,၂၇၆.၀၀ | |
| ၈ | ၂၀၁၈ | ၈၄၈,၁၁၄,၂၇၆.၀၀ | ၁၁၀,၂၅၄,၈၅၆.၀၀ | ၉၅၈,၃၆၉,၁၃၂.၀၀ | |
| ၉ | ၂၀၁၉ | ၉၅၈,၃၆၉,၁၃၂.၀၀ | ၁၂၄,၅၈၇,၉၈၇.၀၀ | ၁,၀၈၂,၉၅၇,၁၁၉.၀၀ | |
| ၁၀ | ၂၀၂၀ | ၁,၀၈၂,၉၅၇,၁၁၉.၀၀ | ၁၄၀,၇၈၄,၄၂၅.၀၀ | ၁,၂၂၃,၇၄၁,၅၄၄.၀၀ | |
| | စုစုပေါင်း | ၆,၆၄၀,၃၁၉,၅၇၁.၀၀ | ၈၆၃,၂၄၁,၅၄၅.၀၀ | ၇,၅၀၃,၅၆၁,၁၁၅.၀၀ | |

ဦးဆန်းထွန်း B.A, C.P.A, F.B.S.A
လက်မှတ်ရပြည်သူ့စာရင်းကိုင် P-27
(စာရင်းစစ်)

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂၉/ စီ-၁)၊ မြေကွက်အမှတ် (၇-အေ) လေလံဆွဲဝယ်ယူသူနှင့် နိုင်ငံတော်တို့ အပြန်အလှန် နစ်နာဆုံးရှုံးမှု အခြေပြဇယား ပြပုံ (ထ-၁)

အကြောင်းအရာ ။ ။ လေလံအပြိုင် ဆွဲရာတွင် နိုင်ငံတော်နှင့် လုပ်ငန်းရှင်ဘက်မှ ၁၀ နှစ်တာအတွင်း ဆုံးရှုံးနစ်နာမှု အခြေပြဇယား ။

အထက်ပါအကြောင်းအရာအရ ကျွန်တော်များလုပ်ငန်းရှင်ဘက်မှ လေလံပြိုင်ဆွဲရာတွင် အောင်မြင်ခဲ့ပြီး ငွေပမာဏ ကျပ်သိန်း ၅၁၅,၀၀၀,၀၀၀.၀၀ /- တွင်လုပ်ငန်းရှင်ဘက်မှ ၃၀ % ပေးချေငွေပမာဏ ကျပ်သိန်းပေါင်း ၁၅၄,၅၀၀,၀၀၀.၀၀ /- အားပေးဆောင်ခဲ့ပါသည်။ထိုသို့ပေးဆောင်ခဲ့ပြီး နိုင်ငံတော်ဘက်မှ ကျန်ရှိငွေ ၇၀ % ငွေပမာဏ ကျပ်သိန်းပေါင်း ၃၆၀,၅၀၀,၀၀၀.၀၀ /- တွင် ကျွန်တော်များ လုပ်ငန်းရှင် ဘက်မှ ငွေကျပ်သိန်းပေါင်း ၁၅၄,၅၀၀,၀၀၀.၀၀ /- အား ( ၁၀ ) နှစ်တာအတွင်း အတိုးနှုန်း ၁၃ % နှင့် တကွ ဆုံးရှုံးနစ်နာမှုများအား အောက်ပါဇယားတွင် ဖော်ပြလိုက်ပါသည်။

မှတ်ချက် ။ ။ လုပ်ငန်းရှင်ဘက်မှ ဆုံးရှုံးနစ်နာမှု အခြေပြဇယား ။ ( ကျပ်ငွေ )

| စဉ် | နှစ် | ငွေရင်းပမာဏ | အတိုးနှုန်း နစ်နာဆုံးရှုံးငွေ | အတိုး နှင့် အရင်း စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂၀၁၁ | ၁၅,၄၅၀,၀၀၀.၀၀ | ၂,၀၀၈,၅၀၀.၀၀ | ၁၇,၄၅၈,၅၀၀.၀၀ | |
| ၂ | ၂၀၁၂ | ၁၇,၄၅၈,၅၀၀.၀၀ | ၂,၂၆၉,၆၀၅.၀၀ | ၁၉,၇၂၈,၁၀၅.၀၀ | |
| ၃ | ၂၀၁၃ | ၁၉,၇၂၈,၁၀၅.၀၀ | ၂,၅၆၄,၆၅၄.၀၀ | ၂၂,၂၉၂,၇၅၉.၀၀ | |
| ၄ | ၂၀၁၄ | ၂၂,၂၉၂,၇၅၉.၀၀ | ၂,၈၉၈,၀၅၉.၀၀ | ၂၅,၁၉၀,၈၁၇.၀၀ | |
| ၅ | ၂၀၁၅ | ၂၅,၁၉၀,၈၁၇.၀၀ | ၃,၂၇၄,၈၀၆.၀၀ | ၂၈,၄၆၅,၆၂၄.၀၀ | |
| ၆ | ၂၀၁၆ | ၂၈,၄၆၅,၆၂၄.၀၀ | ၃,၇၀၀,၅၃၁.၀၀ | ၃၂,၁၆၆,၁၅၅.၀၀ | |
| ၇ | ၂၀၁၇ | ၃၂,၁၆၆,၁၅၅.၀၀ | ၄,၁၈၁,၆၀၀.၀၀ | ၃၆,၃၄၇,၇၅၅.၀၀ | |
| ၈ | ၂၀၁၈ | ၃၆,၃၄၇,၇၅၅.၀၀ | ၄,၇၂၅,၂၀၈.၀၀ | ၄၁,၀၇၂,၉၆၃.၀၀ | |
| ၉ | ၂၀၁၉ | ၄၁,၀၇၂,၉၆၃.၀၀ | ၅,၃၃၉,၄၈၅.၀၀ | ၄၆,၄၁၂,၄၄၈.၀၀ | |
| ၁၀ | ၂၀၂၀ | ၄၆,၄၁၂,၄၄၈.၀၀ | ၆,၀၃၃,၆၁၈.၀၀ | ၅၂,၄၄၆,၀၆၆.၀၀ | |
| | စုစုပေါင်း | ၂၈၄,၅၈၅,၁၂၆.၀၀ | ၃၆,၉၉၆,၀၆၆.၀၀ | ၃၂၁,၅၈၁,၁၉၂.၀၀ | |

ဦးဆန်းထွန်း B.A, C.P.A, F.B.S.A
လက်မှတ်ရပြည်သူ့စာရင်းကိုင် P-27
(စာရင်းစစ်)

**အချိန်၊ ၁၁:၀၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁:၀၉။**

**ဒေါက်တာကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆီဟူးဒွေ့ မေးမြန်းထားတဲ့ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ အေးမြသာယာနှင့် နန်းကွေ့ကျေးရွာအုပ်စု၊ ကဘူဒမ်းလမ်းအား ဆက်သွယ်ထားသော အေးမြသာယာ-ကဘူးဒမ်းလမ်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းအား ကချင်ပြည်နယ်အစိုးရအဖွဲ့မှပေးပို့လာသော အချက်အလက်များဖြင့် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ကြီးနားမြို့နယ်၊ မြို့သစ်ကြီးရပ်ကွက်၊ အေးမြသာယာနှင့် နန်းကွေ့ကျေးရွာအုပ်စု၊ ကဘူဒမ်းကျေးရွာတို့ ဆက်သွယ်ထားသော အေးမြသာယာ -ကဘူဒမ်းကျေးရွာချင်းဆက်လမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး လမ်းအဆင့်သတ်မှတ်ချက် Class-A ဦးစားပေးအဆင့်(၁) လမ်းဖြစ်ပါတယ်။ အဆိုပါ ကျေးရွာချင်းဆက်မြေသားလမ်းသည် အရှည် (၃) ဖာလုံရှိပြီး ကျေးရွာ(၂)ရွာ၊ အိမ်ခြေ(၁၄၄)အိမ်၊ လူဦးရေ(၈၁၅)ဦးတို့ကို အကျိုးပြုလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ မြစ်ကြီးနားမြို့နယ်အတွင်းရှိ အေးမြသာယာ-ကဘူဒမ်းကျေးရွာချင်းဆက်လမ်းအရှည် (၃)ဖာလုံအား (၁၂)ပေအကျယ် မြေသားလမ်း တိုးချဲ့၍ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာတဲ့ အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေဖြင့် ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထိုက်(ခ) ဆလိုင်းမျိုးထပ် မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ချိုင်းစနူးကျေးရွာအုပ်စုနှင့်

မှုံတနူးကျေးရွာအုပ်စုကြား ဆက်သွယ်ထားသည့် လေးချောင်းကြိုးတံတားအား ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ချင်းပြည်နယ်အစိုးရအဖွဲ့မှပေးပို့လာတဲ့ အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နယ်၊ ချိုင်းစနူးကျေးရွာအုပ်စုနှင့် မှုံတနူးကျေးရွာအုပ်စုကြား ဆက်သွယ်ထားသည့် လေးချောင်းကြိုးလူကူးတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော ကိုဖေရှည်၊ ကိုဖေကြီး၊ အလယ်ဒိန်ကင်း၊ မော်ဆုံးကြီး၊ ငဆောင်၊ ထိုနူး၊ မှုံတနူး၊ နန်းပိုင်၊ ချိုင်းစနူး၊ ဘွေတောင်လမ်းပေါ်တွင် တည်ရှိပြီး လမ်းအဆင့်သတ်မှတ်ချက်အရ Class-C ဦးစားပေးအဆင့်(၂)ရဲ့အပေါ်မှာတည်ရှိတဲ့ တံတား ဖြစ်ပါတယ်။ အဆိုပါတံတားသည် အရှည်ပေ(၃၅၀)ပေ၊ အကျယ်(၈)ပေရှိသော လူကူးကြိုးတံတားဖြစ်ပြီး ကျေးရွာပေါင်း(၁၁)ရွာ၊ လူဦးရေပေါင်း (၄၀၀၀)ကျော် အသုံးပြုလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ လေးချောင်းကြိုးလူကူးတံတားကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် တံတား၏ ဆွေးမြည့်ပျက်စီးနေသော တံတားအစိတ်အပိုင်းများအား အစားထိုးပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တံတားအသစ်ပြန်လည် တည်ဆောက်ဖို့ကိုတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်နောက်ပိုင်းကာလများတွင် ရန်ပုံငွေထည့်သွင်း လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့မှပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း မေးမြန်းထားတဲ့ နိုင်ငံတော်အစိုးရ၏ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်မှ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ် (၂၉/စီ-၁)၊ မြေကွက်အမှတ်(၇-အေ)နှင့် ပတ်သက်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော အစိုးရမြေကို လေလံတင်ရောင်းချခဲ့ခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ် (၂၉/စီ-၁)၊ မြေကွက်အမှတ်(၇-အေ)၊ မြေဧရိယာ(၀.၁၀၄)ကေသည် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လေလံတင်ရောင်းချခဲ့တဲ့ မြေကွက်အမျိုးအစားမဟုတ်ပါဘူးခင်ဗျား။ အဆိုပါမြေကွက်ကို ၂၀၁၁ ခုနှစ် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဦးစီးသည့် နိုင်ငံတော်ပိုင်အဆောက်အအုံများနှင့် နိုင်ငံတော်၏ကြီးကြပ်မှုနှင့်

အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အိမ်ယာစီမံကိန်းအဆောက်အဦများ၊ မြေယာကွက်များရောင်းချရေးကော်မတီမှ ၁၃-၂-၂၀၁၁ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများတွင် လေလံတင်ရောင်းချခဲ့ပြီး ကျပ် (၅၁၅)သန်းဖြင့် ဦးစောသိန်း+ (၃)ဦးသို့ ဝယ်ယူခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါကော်မတီမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ဒုတိယဥက္ကဋ္ဌ အဖြစ် ပါဝင်ပြီးတော့ အဖွဲ့ဝင်(၇)ဦး ပါဝင်ခဲ့တဲ့ ကော်မတီဖြစ်ပါတယ်။ ၎င်းနောက် နိုင်ငံတော်သမ္မတရုံး၏ ၂၅-၉-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၂)ဖြင့် ၎င်းကော်မတီကို ဒုတိယသမ္မတမှ ဥက္ကဋ္ဌအဖြစ် ဦးစီးသည့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဖွဲ့ဝင်အဖြစ် ပါဝင်ပါတယ်။ အဆိုပါကော်မရှင်ကို ယနေ့အထိ ဆက်လက်ဖွဲ့စည်းထားရှိပါတယ်။ လေလံအောင်မြင်ခဲ့သောတန်ဖိုးငွေ၏ (၃၀)ရာခိုင်နှုန်းဖြစ်တဲ့ ကျပ်(၁၅၄.၅)သန်းကို ပေးသွင်းပြီးချိန်မှာ အဆိုပါမြေကွက်ပေါ်တွင် ကပ်လျက်ရှိသော ဟိန္ဒူဘုရားကျောင်းမှ ဝင်/ထွက်လမ်းနှင့် နတ်ကွန်းဆောက်လုပ် ကျူးကျော်ထားသဖြင့် ဟိန္ဒူဘုရားကျောင်းမှ တာဝန်ရှိသူများနှင့် လေလံအောင်သူတို့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း ပြေလည်မှုမရရှိခဲ့ပါ။

ထို့ကြောင့် နိုင်ငံတော်မှရရန်ရှိတဲ့ ကြွေးကျန်များအား အမြန်ပေးသွင်းနိုင်ရေးနှင့် မြေနေရာပြဿနာပြီးစီးရေးအတွက် ၂၈-၁-၂၀၁၅ ရက်နေ့မှာ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် စိစစ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး စိစစ်ရေးအဖွဲ့ဝင်များမှ ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း ပြေလည်မှုမရရှိခဲ့သောကြောင့် ယင်းမြေပေါ်တွင် အသုံးပြုလျက်ရှိသော လမ်းမြေနှင့် နတ်ကွန်းတို့အား ဖယ်ရှားပေးရန်အတွက် စရီသန်ဒါယူသပါနီဟိန္ဒူဘုရားကျောင်းသို့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ သတိပေးအကြောင်းကြားခဲ့ပါတယ်။ ထို့နောက် ဟိန္ဒူဘုရားကျောင်းမှ အဆိုပါမြေကွက်အား ဝယ်ယူခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေအကြံပြုချက် တောင်းခံခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ စရီသန်ဒါယူသပါနီဟိန္ဒူဘုရားကျောင်း အသုံးပြုလျက်ရှိတဲ့လမ်းနဲ့ နတ်ကွန်းအားဖယ်ရှားရေးအတွက် ဆက်လက်ဆောင်ရွက်ဖို့ ဥပဒေအကြံပြုခဲ့ပါသဖြင့် မြေပြင်ပေါ်မှဖယ်ရှားပေးရန်နှင့် ဖယ်ရှားခြင်းမရှိပါက ၁၈၉၈ ခုနှစ် မြန်မာနိုင်ငံတော်အောက်ပိုင်း မြို့နှင့်ကျေးရွာမြေများအက်ဥပဒေ ပုဒ်မ ၁၉/၂၁ တို့ဖြင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးက ၉-၂-၂၀၁၇ ရက်စွဲပါစာဖြင့် စရီသန်ဒါယူသပါနီဟိန္ဒူဘုရားကျောင်းသို့ အကြောင်းကြားခဲ့ပါတယ်။

၎င်းမြေပေါ်မှ ဖယ်ရှားခြင်းမရှိပါက ဥပဒေနှင့်အညီ ဖယ်ရှားရှင်းလင်းနိုင်ရေး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရန် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးမှ ၂၆-၃-၂၀၁၇ ရက်စွဲပါစာဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အကြောင်းကြားလာခဲ့သဖြင့်

ဟိန္ဒူဘုရားကျောင်းမှအသုံးပြုလျက်ရှိသော လမ်းနှင့်နတ်ကွန်းအား ဖယ်ရှားနိုင်ရေးအတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် သာသနာရေးဦးစီးဌာနတို့ပါဝင်တဲ့အဖွဲ့ ဖွဲ့စည်းပြီး ဖယ်ရှားရေးအတွက် ဆောင်ရွက်ခွင့်ပြု ပါရန် မြို့ပြနှင့်အိမ်ယာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၅-၆-၂၀၁၇ ရက်စွဲပါစာဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်မံ၍ ၁၈၉၈ ခုနှစ် အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေများအက်ဥပဒေ ပုဒ်မ ၂၁(၁)ဖြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်ရေးအတွက် ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခွင့်ပြုပေးနိုင်ပါရန် ခွင့်ပြုပါက ကျူးကျော်အဆောက်အအုံများ ဖယ်ရှား ရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဥပဒေအရ Notice စာ ထုတ်ပြန်ခြင်း၊ ဖယ်ရှားခြင်း၊ ဖျက်သိမ်းမှုအမိန့် ထုတ်ပြန်ခြင်း၊ အစီအစဉ်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆောင်ရွက်ပြီး အုပ်ချုပ်မှုနှင့် ဖျက်သိမ်းမှုလုပ်ငန်းစဉ်ကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၁၃-၁၂-၂၀၁၇ ရက်စွဲပါ စာဖြင့် တင်ပြခဲ့ပါတယ်။

ထိုသို့ တင်ပြခဲ့ခြင်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် ၃/၂၀၁၈ ဆုံးဖြတ်ချက်အပိုဒ် (၁၁)အရ အဆိုပါလေလံကို ဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ အကြောင်းကြားလာသဖြင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်သို့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၃-၄-၂၀၁၈ ရက်စွဲပါစာဖြင့် တင်ပြခဲ့ပါတယ်။ ၂၆-၄- ၂၀၁၈ ရက်နေ့တွင် ကျင်းပတဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ အစည်းအဝေးဆုံးဖြတ်ချက်အရ လေလံကိုဖျက်သိမ်းရန်ကိစ္စအား ဆိုင်းငံ့ထားရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ၂၅-၅-၂၀၁၈ ရက်စွဲပါစာဖြင့် အကြောင်းပြန်ကြားလာခဲ့ပါတယ်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ နိုင်ငံတော်မှ ရရန်ရှိသည့် ကြွေးကျန်များဖြစ်ပေါ်နေသဖြင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့် မှ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခဲ့ရာ အဆိုပါမြေနေရာပေါ်ရှိ နေထိုင်သူများအား ဖယ်ရှားပေးရေးနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။

အဆိုပါ ကျူးကျော်များအား ဥပဒေနှင့်အညီ ဖယ်ရှားဆောင်ရွက်ခွင့်ပြုပါရန် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၁၄-၁၂-၂၀၁၈ ရက်စွဲပါစာဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခဲ့ခြင်းအပေါ် ဥပဒေနှင့်အညီ ဖယ်ရှားဆောင်ရွက်ခွင့်ပြုကြောင်း ၃၁-၁၂-၂၀၁၈ ရက်စွဲပါစာဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အကြောင်းပြန်ကြားလာသဖြင့် တရားစွဲဆိုဖယ်ရှားနိုင်ရေး

အတွက် စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ဟိန္ဒူဘုရားကျောင်းအား တရားစွဲဆိုနိုင်ဖို့အတွက် စမ်းချောင်းမြို့နယ် ဥပဒေရုံးသို့ သွားရောက်၍ ဥပဒေပိုင်းဆိုင်ရာ ဆွေးနွေးညှိနှိုင်းခဲ့ရာမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၄၄၇)ဖြင့် တရားစွဲနိုင်ရန် အကြံပြုခဲ့ပါတယ်။ မိမိဌာန၊ ဥပဒေဌာနခွဲမှလည်း ပုဒ်မ ၄၄၇ ဖြင့် တရားစွဲရန် စီစဉ်လျက်ရှိသော်လည်း ထိရောက်သည့်အရေးယူမှုမျိုးဖြစ်နိုင်ရန်အတွက် ဥပဒေပညာရှင်များဖြင့် ထပ်မံဆွေးနွေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၉/စီ-၁) မြေကွက်အမှတ်(၇-အေ) မြေဧရိယာ(၀.၁၀၄)ဧကနှင့် ပတ်သက်၍ မြေပြင်၌ တရားမဝင်ကျူးကျော်သူတို့အား ဥပဒေနှင့်အညီ တရားစွဲဆို ဖယ်ရှားရှင်းလင်းပြီးမှသာ လေလံအောင်မြင်သူမှ နိုင်ငံတော်သို့ ပေးသွင်းရန် ကျန်ငွေ(၇၀)ရာခိုင်နှုန်းဖြစ်သော ငွေကျပ်(၃၆၀.၅)သန်းကို ပေးသွင်းနိုင်မည်ဖြစ်ပြီး ငွေအကျေ ပေးသွင်းပြီးမှသာ လေလံအောင်မြင်သူအမည်ဖြင့် ပိုင်ဆိုင်မှုအထောက်အထားထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် နောင်တွင် အလားတူဖြစ်စဉ်များ ထပ်မံမပေါ်ပေါက်စေရေးအတွက် ယခုလက်ရှိကာလတွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ လေလံတင်ရောင်းချရန် လျာထားသည့် မြေ၊ အဆောက်အအုံများနှင့် ပတ်သက်၍ မြေ၊ အဆောက်အအုံ တိုင်းတာစစ်ဆေးရေးကော်မတီ၊ တန်ဖိုးတွက်ချက် သတ်မှတ်ရေးကော်မတီ၊ မြေစီမံခန့်ခွဲသည့်ဌာန/ကော်မတီများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ညှိနှိုင်းပြီး အတည်ပြုချက်များ ရယူကာ မြေပြင်အခြေအနေ ရှင်းလင်းသည့် မြေ၊ အဆောက်အအုံများကိုသာ စိစစ်၍ လေလံတင် ရောင်းချလျက်ရှိပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အသေးစား ငွေရေးကြေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၁:၂၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့ အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၀။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားရပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာကြပါစေ။ ကျွန်တော်ကတော့ တနင်္သာရီ

တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း (ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် အခု ဆွေးနွေးမှာက ပြည်သူ့လွှတ်တော်က အတည်ပြုချက်နဲ့ ပေးပို့လာတဲ့ အသေးစား ငွေရေးကြေးရေးဥပဒေကြမ်းရဲ့ အပိုဒ် ၂(က)(ခ)(ဠ)၊ အပိုဒ် ၄(က)၃၊ အပိုဒ် ၁၆၊ အပိုဒ် ၁၈(ဂ)၊ အပိုဒ် ၂၂(ခ) နှင့် (ဆ)၊ အပိုဒ် ၅၀ တို့ကို ပြင်ဆင်ရန်နှင့် အသစ်ဖြည့်စွက်ချက် (၂)ချက်ကိုလည်း အဆိုပြု တင်သွင်းသွားမှာဖြစ်ပါတယ်။

ပထမဦးဆုံးအနေနဲ့ အပိုဒ် ၂ အဓိပ္ပာယ်ဖွင့်ဆိုချက်အခန်းမှာ အသစ်ဖြည့်စွက်ချက်အနေနဲ့ ပုဒ်မ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၄ မှာ ပါရှိတဲ့ အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသူ ဆိုတဲ့ စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုသင့်တဲ့အတွက် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသူ ဆိုသည် မှာ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ စာရင်းများကို အများပြည်သူသို့ ဝန်ဆောင်မှု ပေးရန် ဝန်ထမ်းမဟုတ်ဘဲ ဤဥပဒေက ခန့်အပ်သောသူကို ဆိုသည်ဟု ကျွန်တော် အသစ်ဖြည့်စွက် လိုခြင်းဖြစ်ပါတယ်။ ပြင်ဆင်ချက်အနေနဲ့ကတော့ ကျွန်တော်တို့ ပုဒ်မ ၂(က) အသေးစားငွေရေး ကြေးရေးလုပ်ငန်းဆိုသည် ဆိုတဲ့စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုချက်အရ နောက်ထပ် ဖြည့်စွက်ချင် တာကတော့ ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ် ဆောင်ရွက်ခြင်းကိုဆိုသည် ဆိုတဲ့ စကားရပ်ရဲ့ နောက်မှာ ယင်းစကားရပ်တွင် ဆက်သွယ်ရေးနည်းပညာတစ်ခုခုကို အသုံးပြုပြီး ငွေလွှဲခြင်း၊ ငွေထုတ်ခြင်း၊ ငွေချေးခြင်း သို့မဟုတ် မိုဘိုင်း ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများလည်း ပါဝင် သည်လို့ ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။

နောက် ပုဒ်မ ၂(ဠ) အသင်းဝင်များက စုဆောင်းထားသည့်ငွေကို ဆိုသည့် စကားရပ် အစား အသင်းဝင်များက အသင်းတွင် စုဆောင်းထားသည့်ငွေကို ဆိုသည့် စကားရပ်နဲ့ ပြင်ဆင်လို ခြင်းဖြစ်ပါတယ်။ ပုဒ်မ ၁၆ မှာဆိုရင် ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ စကားရပ်ဖြစ်တဲ့ မြန်မာနိုင်ငံပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည် ဆိုတဲ့ စကားရပ်ကို အမျိုးသားသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ဇယားမှာတော့ နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ရမည်ဆိုတဲ့ ပြင်ဆင်ချက်ကို ပြင်ဆင် ထားတာ တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့က ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ မြန်မာနိုင်ငံပြန်တမ်းတွင် ထုတ်ပြန်ရမည်ဆိုတဲ့ ကြေညာရမည် ဆိုတဲ့ စကားရပ်ကို ထောက်ခံမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ပြန်တမ်း ဆိုတဲ့ စကားရပ်ကို ကျွန်တော် ကန့်ကွက်တာဖြစ်ပါတယ်။ ပုဒ်မ ၁၈ (ဂ)မှာဆိုရင် လူမွဲအဖြစ်ခံယူခြင်း ဆိုတဲ့ စကားရပ်ကို သက်ဆိုင်ရာ တရားရုံးက လူမွဲအဖြစ် ကြေညာခံထားရခြင်း ဆိုတဲ့ စကားရပ်နဲ့ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ပုဒ်မ ၁၈ (င)မှာဆိုရင် တစ်ဆက်တည်း(၆)လ ပျက်ကွက်ခြင်း ဆိုတဲ့ စကားရပ်ကို တစ်ဆက်တည်း (၆)လနှင့်အထက် ပျက်ကွက်ခြင်းလို့ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ပုဒ်မ ၂၂(ခ) နှင့် ပုဒ်မ ၂၂(ဆ)မှာ ပါရှိတဲ့ ရက်ပေါင်း (၃၀) ဆိုတဲ့ ဂဏန်းကို ကျွန်တော်တို့ “..” နဲ့ ခတ်ထားတဲ့ဟာကို ပယ်ဖျက်လိုခြင်းဖြစ်ပါတယ်။

ကျွန်တော် နောက်ဆုံးအနေနဲ့ အသစ်ဖြည့်စွက်ချင်တာကတော့ ပုဒ်မ ၅၀(င)ရဲ့ နောက်မှာ ပုဒ်မ ၅၀(စ)တွင်လို့ ကျွန်တော် အသစ်ဖြည့်စွက်ချင်ပါတယ်။ ဒီပုဒ်မကတော့ ဘာလဲဆိုရင် ချွင်းချက် ပေးထားတဲ့ပုဒ်မ ဖြစ်ပါတယ်။ ဒီစာရင်းအချက်အလက်တွေကို ကျွန်တော်တို့ အသုံးပြုခြင်း၊ သတင်း ထုတ်ပြန်ခြင်း စတဲ့ သတင်းအချက်အလက်တွေကို ချွင်းချက်ပေးထားတဲ့ ပုဒ်မမှာ ကျွန်တော့် အနေနဲ့က သတင်းအချက်အလက် ရပိုင်ခွင့်ကို ဥပဒေနှင့်အညီ ကျင့်သုံးခြင်းလို့ ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။ အသစ်ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၂၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုးရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင် ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း**

**အချိန်၊ ၁၁:၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင် ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၄။**

**ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့ထားတဲ့ အစိုးရရဲ့ ဝယ်ယူခြင်းနဲ့ နိုင်ငံပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေမူကြမ်းနှင့် စပ်လျဉ်းပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနကိုယ်စား ရှင်းလင်းတင်သွင်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေ ပြဋ္ဌာန်းလိုတဲ့ ရည်ရွယ်ချက်ကတော့ အစိုးရရဲ့ ဝယ်ယူရေး၊ ထုခွဲရောင်းချရေးဆိုင်ရာကိစ္စများကို ပွင့်လင်းမြင်သာမှုရှိစေပြီး တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးရှိထိရောက်စွာဖြင့် ဆောင်ရွက်နိုင်စေရန် ဖြစ်ပါတယ်။ ဒီဥပဒေရဲ့ ရည်ရွယ်ချက်ကို ဥပဒေရဲ့ အခန်း(၂)မှာ ဖော်ပြထားပါတယ်။ ၂၀၁၂ ခုနှစ်က စတင်

ဆောင်ရွက်ခဲ့တဲ့ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရဲ့ လုပ်ငန်းစဉ်များမှာ မြန်မာနိုင်ငံရဲ့ အစိုးရပစ္စည်းဝယ်ယူမှုစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဟာလည်းပဲ တစ်ခုအပါအဝင် ဖြစ်ပါတယ်။ အစိုးရပစ္စည်းဝယ်ယူမှု စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေ စနစ်တကျရှိစေဖို့အတွက် ယခင် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးရဲ့ ၇-၄-၂၀၁၅ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာနဲ့ အစိုးရပစ္စည်းဝယ်ယူမှု စည်းမျဉ်း စည်းကမ်းနဲ့ လုပ်ထုံးလုပ်နည်းပြုစုရေးကြီးကြပ်မှုကော်မတီ Public Procurement Rules and Regulations Supervision Committee (PPRRSC)ကို ဖွဲ့စည်းခဲ့ပြီးတော့ ၆-၁၂-၂၀၁၆ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၁၆၇/၂၀၁၆)ဖြင့် ပြင်ဆင်ပြီးတော့ ဖွဲ့စည်းခဲ့ပါတယ်။ ၁၀-၄-၂၀၁၇ ရက်နေ့မှာ အစိုးရဌာနအဖွဲ့အစည်းများရဲ့ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနဲ့ ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမယ့် တင်ဒါလုပ်ထုံးလုပ်နည်း နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)ကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။

ထို့နောက် ဆက်လက်၍ ရေရှည်အတွက် အစိုးရရဲ့ ဝယ်ယူရေးဆိုင်ရာဥပဒေမူကြမ်း ရေးဆွဲနိုင်ရေးကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရပစ္စည်းဝယ်ယူမှုစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာမှာ လုပ်ငန်းစဉ် (၃)ရပ် ရှိပါတယ်။ ဒီလုပ်ငန်းစဉ်(၃)ရပ်ကတော့ (၁) ဝန်ကြီးဌာနအဖွဲ့အစည်းများက လက်ရှိအသုံးပြုနေတဲ့ ပစ္စည်းဝယ်ယူမှုဆိုင်ရာညွှန်ကြားချက်ကို ခေတ်နှင့်အညီ ဆီလျော်အောင်ပြင်ဆင်ရေး၊ (၂) အစိုးရ၏ ဝယ်ယူရေးဆိုင်ရာဥပဒေ ရေးဆွဲရေး၊ (၃)စံ သတ်မှတ်ထားသော တင်ဒါစာရွက်စာတမ်းများ၊ ပုံစံများ ရေးဆွဲပြုစုရေးတို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေမူကြမ်းကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့များမှာ Consultation Meeting များဖြင့် ရှင်းလင်းဆွေးနွေးပွဲတွေ ကျင်းပပြုလုပ်ခဲ့ပြီး ဆွေးနွေးပွဲတွေကနေပြီးတော့ ရရှိလာတဲ့အကြံဉာဏ်များနဲ့ ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများရဲ့ အကြံပြုချက်များနှင့်အညီ လိုအပ်သည်များကို ပြင်ဆင်ရေးဆွဲခဲ့ပါတယ်။

၎င်းနောက် အဆိုပါ ဥပဒေမူကြမ်းအပေါ်မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားမှတ်ချက် နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတို့ရဲ့ သဘောထားမှတ်ချက်များနှင့်အညီ ထပ်မံပြင်ဆင်ခဲ့ပါတယ်။ ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှာလည်းပဲ ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်း(၉)ခုတို့ အပါအဝင် ထပ်မံဆွေးနွေးခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေမူကြမ်းမှာ အခန်း(၁၅)ခန်း၊ ပုဒ်မ (၇၁)ခု ပါဝင်ပါတယ်။ အခန်း(၁) အမည်၊ အာဏာတည်ခြင်း၊ သက်ဆိုင်ခြင်းနဲ့ အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ရည်ရွယ်ချက်၊ အခန်း(၃) ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အခန်း(၄) ဝယ်ယူသည့်ဌာနအဖွဲ့အစည်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အခန်း(၅) ဝယ်ယူခြင်းဆိုင်ရာ စည်းကမ်း

သတ်မှတ်ချက်များ၊ အခန်း(၆) ဝယ်ယူခြင်း တင်ဒါဖိတ်ခေါ်သည့် နည်းလမ်းများနှင့် အသုံးပြုနိုင်သည့် အခြေအနေများ၊ အခန်း(၇) ပြည်ပမှ ဝယ်ယူခြင်း၊ အခန်း(၈) စာချုပ် စီမံခန့်ခွဲခြင်း၊ အခန်း(၉) ထုခွဲခြင်း၊ အခန်း(၁၀) နိုင်ငံပိုင်ပစ္စည်းများ ရောင်းချခြင်းနှင့် ငှားရမ်းခြင်း၊ အခန်း(၁၁) တင်ဒါ လုပ်ငန်းစဉ်ကို ဖျက်သိမ်းခြင်း၊ အခန်း(၁၂) နိုင်ငံရေးရာထူး လက်ရှိဖြစ်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ စောင့်ထိန်းရမည့်ကျင့်ဝတ်များ၊ အခန်း(၁၃) ခုံအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၁၄) တားမြစ်ချက်နှင့် စီမံခန့်ခွဲရေးပြစ်ဒဏ်များ အခန်း(၁၅) အထွေထွေတို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝယ်ယူခြင်းဟု ဆိုရာမှာ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း ဝန်ဆောင်မှုရယူခြင်းတို့ ပါဝင်ပါတယ်။ ထုခွဲခြင်းဟု ဆိုရာမှာလည်း အသုံးပြုပြီးပိုလျှံသော၊ အသုံးပြုနိုင်သော သို့မဟုတ် အသုံးမပြုနိုင်သော သို့မဟုတ် ခေတ်မမီတော့သော ဌာနပိုင်ပစ္စည်းများ၊ ဌာနပိုင်ပုံသေပိုင်ပစ္စည်းများကို ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ စာရင်းမှပယ်ဖျက်ခြင်း၊ အလဲအလှယ်ပြုလုပ်ခြင်း သို့မဟုတ် အခြားပုံစံသို့ ပြောင်းလဲခြင်းတို့ကို ဆိုလိုပါတယ်။ သို့ဖြစ်ပါ၍ ဒီဥပဒေသည် ပြည်သူ့ဘဏ္ဍာများဖြင့် တည်ဆောက်သော၊ ဝယ်ယူသော၊ ဝန်ဆောင်မှု ရယူသောလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုရှိရေး၊ မျှတမှုရှိရေး၊ တာဝန်ယူမှု တာဝန်ခံမှုရှိရေးတို့ကို မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ထုခွဲရောင်းချမှုများမှာလည်း တန်ရာတန်ဖိုး ရရှိစေရန်၊ ပွင့်လင်းမြင်သာမှုရှိရန်၊ စံချိန်စံညွှန်းမီရန်၊ တာဝန်ယူမှု တာဝန်ခံမှုရှိရန် ထိန်းကျောင်းပေးမယ့်ဥပဒေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ သို့ပါ၍ အစိုးရရဲ့ ဝယ်ယူခြင်းနှင့် နိုင်ငံပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေမူကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၂။**

**ဗိုလ်မှူးချုပ်တင့်လွင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ် တင့်လွင် ဖြစ်ပါတယ်။ အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်း အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင် ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၂၀ - ဝ၈၄
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ မတ် လ ၅ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်း ဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန်အတွက် ၃၀-၁၀-၂၀၁၉ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ် ရေးရာဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၃-၁၁-၂၀၁၉ ၊ ၂၀-၁၁-၂၀၁၉ ၊ ၂၈-၁၁-၂၀၁၉ ၊ ၅-၁၂-၂၀၁၉၊ ၇-၂-၂၀၂၀ နှင့် ၂၁-၂-၂၀၂၀ ရက်နေ့တို့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီသည် အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်း များ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

(က) အဆိုပြုဥပဒေကြမ်း ခေါင်းစဉ်အား အစိုးရ၏ ဝယ်ယူခြင်းနှင့် နိုင်ငံပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာဥပဒေဟု ပြင်ဆင်၍လည်းကောင်း၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဠ)ကို အပိုဒ်ခွဲ(ည) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်း၏နောက်တွင် အပိုဒ်ခွဲ(ဋ) အဖြစ် ဌာနပိုင် ပုံသေပိုင်ပစ္စည်း ဆိုသည်မှာ ဝယ်ယူသည့်ဌာနအဖွဲ့အစည်း၏ ထိန်းချုပ်မှုအောက်တွင်ရှိသော သို့မဟုတ် ၎င်းပိုင်ဆိုင်သော အဆောက်အဦ၊ စက်ရုံ၊ အလုပ်ရုံ၊ ယာဉ်များ၊ ပရိဘောဂနှင့် စက်ပစ္စည်း စသည့်ပစ္စည်းများကို

ဆိုသည် ဆိုသည့် စကားရပ်ကို အသစ်ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသော စကားရပ်များအစား တင်ဒါကော်မတီ ဆိုသည်မှာ အစိုးရ၏ ဝယ်ယူခြင်းလုပ်ငန်းများနှင့် ထုခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသောကော်မတီကို ဆိုသည် ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင် ဖြည့်စွက်၍ လည်းကောင်း၊ အပိုဒ်ခွဲ(ဓ)တွင် ဖော်ပြထားသော စကားရပ်များအစား ကန့်သတ်မှုမရှိသောတင်ဒါ ဆိုသည်မှာ တင်ဒါစာရွက်စာတမ်းပါ သတ်မှတ်ချက်များနှင့် ညီညွတ်လျှင် မည်သူမဆို တင်သွင်းနိုင်သည့် တင်ဒါနည်းလမ်းကို ဆိုသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(န)တွင် ဖော်ပြထားသော ကန့်သတ်တင်ဒါ ဆိုသည်မှာ တင်ဒါတင်သွင်းသူ သုံးဦးထက်မနည်းစေဘဲ ဆိုသည့် စကားရပ်အစား ကန့်သတ်တင်ဒါဆိုသည်မှာ အများပြည်သူသို့ ကြော်ငြာခြင်းမရှိဘဲ တင်ဒါတင်သွင်းသူ နှစ်ဦးအောက်မနည်းသော ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(ဖ)တွင် ဖော်ပြထားသော စကားရပ်များအစား နှစ်ဆင့်တင်ဒါ ဆိုသည်မှာ တန်ဖိုးကြီးမားသည့်တည်ဆောက်ရေးလုပ်ငန်းများနှင့် ထူးခြားခက်ခဲသောစီမံကိန်းများအတွက် ဒီဇိုင်းအယူအဆနှင့် လုပ်ဆောင်မှုအချက်အလက်များအပေါ် အခြေခံသည့် ဈေးနှုန်းတွက်ချက်ခြင်း မပြုရသေးသော နည်းပညာဆိုင်ရာ တင်ဒါများဖိတ်ခေါ် စိစစ်ရွေးချယ်ပြီးနောက် နည်းပညာဆိုင်ရာ အသေးစိတ် ဖော်ပြချက်များနှင့် ပြင်ဆင်ကိုက်ညီမှုများ ပါဝင်သော နည်းပညာပိုင်းနှင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းခြင်းကို ဆိုသည် ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁) အဆိုပြုဥပဒေကြမ်း အပိုဒ် ၃၊ အပိုဒ်ခွဲ (ရ) နှင့် အပိုဒ်ခွဲ(လ)တွင် ဖော်ပြထားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုသည့် ဘဏ်တစ်ခုခုမှ ထုတ်ပေးသော ဘဏ်အာမခံကို ဆိုသည်။ ဆိုသည့်စကားရပ်ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အသိအမှတ်ပြုသည့် ဘဏ်တစ်ခုခု သို့မဟုတ် နိုင်ငံပိုင်ဘဏ်နှင့် ချိတ်ဆက်မှု သို့မဟုတ် ဆက်သွယ်မှုရှိသော နိုင်ငံခြားဘဏ်တစ်ခုခုက ထုတ်ပေးသော ဘဏ်အာမခံကို ဆိုသည်။ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ကက)တွင် ဖော်ပြထားသော စကားရပ်များအစား နိုင်ငံရေးရာထူး လက်ရှိဖြစ်သူ ဆိုသည်မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ဖြစ်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ခခ)တွင် ဖော်ပြထားသော စကားရပ်များအစား ခုံအဖွဲ့ ဆိုသည်မှာ အစိုးရ၏ ဝယ်ယူခြင်းနှင့် ထုခွဲခြင်းလုပ်ငန်းဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် တိုင်ကြားမှုကို ကြားနာစစ်ဆေးဆုံးဖြတ်ရန်

ဤဥပဒေအရ ဖွဲ့စည်းထားသောခုံအဖွဲ့ကို ဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဂဂ) တွင် ဖော်ပြထားသော စကားရပ်များအစား အသင့်လွှဲပြောင်းလုပ်ကိုင်နိုင်သောစီမံကိန်းများ ဆိုသည်မှာ စီမံကိန်းတစ်ခုလုံးအတွက် ပုံစံဒီဇိုင်းရေးဆွဲခြင်း အပါအဝင် အင်ဂျင်နီယာနှင့် သက်ဆိုင်သော လုပ်ငန်းများအားလုံးဆောင်ရွက်ပေးခြင်း၊ ဆောက်လုပ်ရေးပစ္စည်းများ ဝယ်ယူတည်ဆောက်ပေးခြင်း၊ စက်ပစ္စည်းကိရိယာများ ဝယ်ယူတပ်ဆင်ပေးခြင်းနှင့် လုပ်ငန်းလည်ပတ်နိုင်သည်အထိ ဆောင်ရွက်ပေးခြင်းများပါဝင်သော စီမံကိန်းကိုဆိုသည် ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) အဆိုပြုဥပဒေကြမ်း အပိုဒ် ၆၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား အစိုးရ၏ ဝယ်ယူခြင်းနှင့် နိုင်ငံပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာနည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် တင်ဒါစာရွက်စာတမ်းများကို စံသတ်မှတ်၍ ရေးဆွဲပြုစုခြင်း၊ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၇၊ အပိုဒ်ခွဲ(ဆ)တွင် ဖော်ပြထားသော စကားရပ်များအစား တင်ဒါခေါ်ယူစဉ်က ပစ္စည်း၊ တည်ဆောက်ရေးလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေး၊ စံချိန်စံညွှန်း၊ လုပ်ငန်းတာဝန် သတ်မှတ်ချက်များသည် တင်ဒါ ခေါ်ယူပြီးနောက် ပစ္စည်းတည်ဆောက်ရေးလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေး စံချိန်စံညွှန်း၊ လုပ်ငန်းတာဝန် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် ကြီးကြပ်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၀ တွင် ဖော်ပြထားသော စကားရပ်များအစား ဝယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်များအားလုံးသည် ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းပါ ခွင့်ပြုငွေတွင်လည်းကောင်း၊ ဝယ်ယူရေးအစီအစဉ်တွင်လည်းကောင်း ပါဝင်ရမည် ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) အဆိုပြုဥပဒေကြမ်း အပိုဒ် ၁၁ တွင် ဖော်ပြထားသော စကားရပ်များအစား ဝယ်ယူခြင်းဆိုင်ရာကိစ္စရပ်များကိုဆောင်ရွက်ရာတွင် တင်ဒါကော်မတီက အတည်ပြုထားသော ဝယ်ယူရေးအစီအစဉ်အရ ဆောင်ရွက်ရမည့်အပြင် ခွင့်ပြုချက်ရရှိပြီးသော နှစ်စဉ်ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့်အညီ ဖြစ်ရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၂ နှင့် အပိုဒ် ၁၃ တို့ကို အပိုဒ် ၁၂ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်းတွင်ဖော်ပြထားသော စကားရပ်များကို အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၁၂။ ဝယ်ယူသည့်ဌာန အဖွဲ့အစည်းသည် ဝယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်အပေါ် မူတည်၍ -

(က) စံချိန်စံညွှန်း သတ်မှတ်ချက်များ၊ အစီအစဉ်များ၊ တွက်ချက်မှုပုံစံများ၊ ဒီဇိုင်းများ၊ အခြားသတ်မှတ်ချက်များ၊ စမ်းသပ်မှုနှင့် စမ်းသပ်စစ်ဆေးသည့်နည်းလမ်းများ၊ ထုပ်ပိုးမှု၊ အမှတ်အသား၊ တံဆိပ်ရိုက်နှိပ်မှု သို့မဟုတ် အသိအမှတ်ပြုလက်မှတ်များ၊ သင်္ကေတအမှတ်အသားများနှင့် ပညာရပ်ဆိုင်ရာဝေါဟာရများကို ဖော်ပြရမည်။

( ခ ) ပုဒ်မခွဲ(က)ပါ ဖော်ပြချက်များတွင် စံချိန်စံညွှန်းသတ်မှတ်ချက်များကို တိကျပြည့်စုံစွာ ဖော်ပြနိုင်ခြင်းမရှိလျှင် ယင်းနှင့်တူညီသည် ဆိုသည့် စကားရပ်ကို ထည့်သွင်းဖော်ပြရမည်။ သို့ရာတွင် ကုန်အမှတ်တံဆိပ် အမည်၊ မူပိုင်ခွင့်၊ ဒီဇိုင်းပုံစံ သို့မဟုတ် အမျိုးအစားတိကျသော မူလဇာစ်မြစ် သို့မဟုတ် ထုတ်လုပ်သူအမည်ကို ဖော်ပြခြင်း သို့မဟုတ် ရည်ညွှန်းကိုးကားခြင်း မပြုရ။

( င ) ကန့်သတ်တင်ဒါစနစ်ကို အသုံးပြုရမည့် အခြေအနေများနှင့် စပ်လျဉ်း၍ အဆိုပြုဥပဒေကြမ်း အပိုဒ် ၂၆ ကို အပိုဒ် ၂၅ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော အပိုဒ်ခွဲ (ခ) ၏နောက်တွင် အပိုဒ်ခွဲ (ဂ) အဖြစ် အများပြည်သူလုံခြုံရေးနှင့်သက်ဆိုင်သည့် အခြေအနေတွင်ရှိပြီး ကြော်ငြာရန်မဖြစ်နိုင်သော အခြေအနေရှိခြင်း ဆိုသည့်စကားရပ်ကို အသစ်ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ် ၂၈ ကို အပိုဒ် ၂၇ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော အပိုဒ်ခွဲ(ဃ) ကို အစိုးရ၏ ဝယ်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးနောက် ဝယ်ယူသည့်ဌာန၊ အဖွဲ့အစည်းက နောက်ထပ်လိုအပ်ချက်ကြောင့် မူလပေးသွင်းသူထံမှ ဝယ်ယူရန် လိုအပ်လျှင် နောက်ထပ်ဝယ်ယူမည့် တည်ဆောက်ခြင်းလုပ်ငန်းများ၊ ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏တန်ဖိုးသည် မူလစာချုပ်တန်ဖိုးစုစုပေါင်း၏ (၃၀)ရာခိုင်နှုန်းထက်မပိုခြင်း၊ ပစ္စည်းအမျိုးအစားတစ်ခုစီ၏ ဈေးနှုန်းပြောင်းလဲမှုမရှိခြင်း၊ စာချုပ်၏ ကနဦးစည်းကမ်းချက်များ ကြီးမားစွာ ပြောင်းလဲမှုမရှိခြင်း၊ ဆိုသည့် စကားရပ်ဖြင့် အစားထိုး၍လည်းကောင်း၊ အပိုဒ်ခွဲ(ဃ)၏ နောက်တွင် အပိုဒ်ခွဲ(င) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

( င ) ဌာနအဖွဲ့အစည်း၏ အသုံးပြုဆဲပစ္စည်းကိရိယာနည်းပညာ သို့မဟုတ် ဝန်ဆောင်မှုနှင့် ညီညွတ်စေရန်ဖြစ်စေ၊ အခြားသောပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အစားထိုးရန် သင့်လျော်မှုမရှိလျှင်ဖြစ်စေ မူလပေးသွင်းသူထံမှသာ ဝယ်ယူရန် လိုအပ်ခြင်း၊

(စ) အဆိုပြုဥပဒေကြမ်း အပိုဒ် ၃၈ ကို ၃၆ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသောစာချုပ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံ**တစ်ရာ ပေါ်ပေါက်ပါက** ညှိနှိုင်းဆွေးနွေးခြင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆိုသည့် စကားရပ်ကို စာချုပ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ညှိနှိုင်းဆွေးနွေးခြင်း သို့မဟုတ် စာချုပ်ပါ အငြင်းပွားမှု ဖြေရှင်းရေးနည်းလမ်းဖြင့် အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၅ ကို အပိုဒ် ၅၁ အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်း၏နောက်တွင် အပိုဒ် ၅၂ နှင့် အပိုဒ် ၅၃ တို့ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၅၂။ တင်ဒါတင်သွင်းသူသည် ပုဒ်မ ၅၁ အရ တောင်းဆိုလျှင် ဝယ်ယူသည့် ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၅၃။ ပုဒ်မ ၅၂ ပါ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ဝယ်ယူသည့်ဌာန၊ အဖွဲ့အစည်းက ဆုံးဖြတ်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ဝယ်ယူသည့်ဌာန၊ အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိလျှင်ဖြစ်စေ တင်ဒါ တင်သွင်းသူသည် ဝန်ကြီးဌာနသို့ တိုင်ကြားနိုင်သည်။

(ဆ) အဆိုပြုဥပဒေကြမ်း အပိုဒ် ၅၃ ကို အပိုဒ် ၅၅ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်း၏ နောက်တွင် အပိုဒ် ၅၆ အဖြစ် ဝန်ကြီးဌာနသည် တိုင်ကြားမှုဖြေရှင်းခြင်း ဆိုင်ရာ နည်းလမ်းများကို နည်းဥပဒေဖြင့် သတ်မှတ်ရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၆၂၊ အပိုဒ်ခွဲ(က) ၏ နောက်တွင် အပိုဒ်ခွဲ(ခ)အဖြစ် နာမည်ပျက် စာရင်းတင်သွင်းကြေညာခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၆၈ ကို အပိုဒ် ၆၇ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်း၏နောက်တွင် အပိုဒ် ၆၈ အဖြစ် နိုင်ငံတကာအဖွဲ့အစည်းများ သို့မဟုတ် မိတ်ဖက်အဖွဲ့အစည်းများ၏ ချေးငွေ၊ ထောက်ပံ့ငွေများဖြင့် ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ အကြံပေး ငှားရမ်းခြင်း ဆောင်ရွက်ရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်မှု မရှိလျှင် ချေးငွေ၊ ထောက်ပံ့ငွေပေးအပ်သည့် အဖွဲ့အစည်းများက သတ်မှတ်ထားသော ဝယ်ယူရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်သည် ဆိုသည့် စကားရပ်ဖြင့် အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ) အဆိုပြုဥပဒေကြမ်း၏ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၂၁၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၃၄၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇ နှင့် အပိုဒ် ၆၃ တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဈ) မြန်မာစာအရေးအသား မှန်ကန်မှုရှိစေရန်၊ ဥပဒေရေးထုံး ကိုက်ညီမှုရှိစေရန်နှင့် ပြောင်းလဲသွားသည့် အမှတ်စဉ်များကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီးဖြစ်ပါသည်။ ပြင်ဆင်ဖြည့်စွက်ချက် အပြည့်အစုံကို နောက်ဆက်တွဲကနဲ့လနဲ့ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁:၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများထုခွဲခြင်း ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်း လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၈- ၅ - ၂၀၂၀ (ကြာသပတေးနေ့) ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် ပဉ္စမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁:၄၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁:၄၇ နာရီအချိန်တွင် ရပ်နားပါသည်။]